# "နည်းပညာကိုအသုံးပြု၍ ...."

## စာရေးသူထံမှ .....

ကျေးဇူးတော်ကြောင့် (၅၄) အုပ်မြောက်သော ညစဉ်ခွန်အားကို ရေးသား ဝေငှခွင့်ရ၍ ဘုရားရှင်၏ ကျေးဇူးတော်ကို ချီးမွမ်းပါသည်။ ဩဂုတ်လ၏ မိုးသည်းသည်းမှာ ကမ္ဘာမြေသည် စိုပြေလန်းဆန်းခွင့်ကို တဖန်ရခဲ့ပြန်ပါပြီ။ ဤကာလမှာ တိုးတက်နေသော နည်းပညာနှင့် ကမ္ဘာချုံခြင်း (Globelzation) မာယာများကို ငေးကြည့်ရင်း စိတ်ကူးတစ်ခုရခဲ့ပါ၏။ ဆက်သွယ်ရေးစံနစ်များကို အသုံးပြု၍ ညစဉ်ခွန်အားကို အလွယ်တကူ ဖတ်ရှုခွန်အားယူနိုင်ဖို့ အင်တာနက်ကို အသုံးပြုခွင့်ရလျှင် ကောင်းမည်ဟု အောက်မေ့သည့်အတိုင်း ကြိုးစားလုပ်ဆောင်နေပါသည်။ အကြံပြုကူညီသော ဆရာနိုင်အောင်ကြီး (သံဖြူဇရပ်မွန်အသင်းတော်)၊ ဆရာ ကိုပီတီနှင့် ဆရာ သက်နိုင် (အလင်းအိမ်)တို့ကိုလည်း ကျေးဇူးတင်ပါ၏။

ဤအစီအစဉ်အတွက် ညစဉ်ချစ်သူများ ဝိုင်းဝန်းဆုတောင်းပေးပို့ရန်အတွက် မေတ္တာရပ်ခံချင်ပါ၏။ မကြာခင်ကာလမှာ အောင်မြင်ခြင်းအသွင်ကို ဘုရားရှင်ပေးပါစေဟု မျှော်လင့်လျက်. . . ညစဉ်ခွန်အား၏ ခရီးစဉ်များတွင် လိုအပ်သောအရာများကို ပေးလှူကူညီ၊ ဖြန့်ချိဆောင်ရွက်၊ ဖတ်လျက် အားပေး၊ မစခြင်းအတွက်. . . ညစဉ်ချစ်သူများကို ကျေးဇူးအထူးတင်ကြောင်း ဖော်ပြပါရစေ။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ၊ သခင်ယေရှု၏ ဂရုဏာ၊ သန့်ရှင်းသောဝိညာဉ်တော်၏ ကောင်းကြီးမင်္ဂလာအဖြာဖြာသည်. . . စာဖတ်သူတို့အပေါ် ၌ သက်ရောက်ပါစေသော်။



အစဉ်သဖြင့် . . .



(ဆိုး)

■ Author & Editor: ဆိုး ■ Supporter: သန္တာရွှေ
■ Distribution : သွဲဖော၊ မူအိုင်း၊ နေခြည်နွေးနွေး၊ ထူးအုပ်စိုး၊ ထွန်းထွန်းဇော်၊ လယ်လားရှိုး ■ Admin : တွယ်တာထွန်း၊ အယ်ခူ၊ ခင်နီယယ် ■ Logo : မျိုးမင်းသော် (Bible league) ■ Design: စစ်ငြိမ်းအေး ■ Address : ၈၉၃ (ခ)၊ ည/၁၁ ရပ်ကွက်၊ ဘုရင့်နောင်လမ်းသွယ် (၃)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း။ ■ တဆင့်ဖုန်း ၆၁၀ ၄၂၇၊ ၆၁၀ ၉၉၄၊ ၆၁၀ ၉၉၃ ■ Cover: K.P.T Group ■ ခရစ်ယာန်အသင်းတော်အတွင်းကန့်သတ်ဖြန့်ဝေသည်။ တန်ဖိုး-မေတ္တာဒါန

ဗက်လင်ကြယ်. . . မှ စီစဉ်တင်ဆက်သည်။

## ဩဂုတ်လ(၁)ရက်၊ ၂၀၀၆–ခုနှစ် (အင်္ဂါနေ့)

ငါ့ကိုရှာသောအခါ စိတ်နှလုံးအကြွင်းမဲ့နှင့် ရှာလျှင် တွေ့ကြလိမ့်မည်။ ငါသည်လည်း သင်တို့ကို အတွေ့ခံမည်။ (ယေရမိအနာဂတ္တိကျမ်း၊ ၂၉း၁၃)

---

### 'အောင်မြင်ခြင်းသူတို့အတွက် ဩဂုတ်လ ...'

ပြက္ခဒိန်ကိုမျှော်ကြည့်သောအခါယနေ့တား ဩဂုတ်လသို့ရောက်လာပြီ သိရပါသည်။ ဩဂုတ်လသို့ရောက်လျှင် တချိန်တခါက ရောမအင်ပါယာကို တည်ထောင်ခဲ့သော ဩဂတ်စတင်း ဧကရာဇ်ကိုသတိရစရာဖြစ်ပါသည်။ သူနန်းတက်ပြီး(၂၈)နှစ်ကြာလျှင် ဗက်လင်မြို့၌ သခင်ယေရှုမွေးဖွားခဲ့ပါသည်။ ပြက္ခဒိန်သမိုင်းတွင်မူ ဂျူလိယက်ဆီဇာသည် ဇူလိုင်လတွင်မွေးဖွား၍ လုပ်ကြံ သတ်ဖြတ်ခြင်းခံရပြီးနောက် သူ့မိတ်ဆွေ မတ်အင်တိုနီ (Mark Antony)က သူ့ကိုဂုဏ်ပြု၍ 'ဂျူလိုင်လ'ဟုအမည်ပေးခဲ့ပါ၏။ ဂျူလိယက်ဆီဇာ၏ မြေး ဩဂတ်စတပ်ကလည်း ထီးနန်းဆက်ခံသောအခါ မင်းဆက်အစီအစဉ်အတိုင်း ဇူလိုင်လ၏ နောက်မှ လာသောလကို 'ဩဂုတ်လ'ဟု အမည်ပေးခဲ့ပါ၏။ ထိုလတွင် သူအောင်မြင်ခဲ့သောအောင်ပွဲများ၏ အထိမ်းအမှတ်များစွာကို ကျင်းပခဲ့ပါ၏။ ထိုပွဲများတွင် ပြည်တွင်းစစ် ပြီးဆုံးသွားသော ပွဲတော်လည်း ပါဝင်ပါသည်။

လတစ်လကို နာမည်ပေးနိုင်သူ ဧကရာဇ်ဘုရင်တစ်ပါးသည် အဘိုးဖြစ်သူ ဂျူလိယက်ဆီဇာ ပြုစုသွန်သင်မှုကို ခံယူခဲ့ရတာပါ။ သူ့အသက်(၁၈)နှစ်မှာ အဘိုးဆီဇာ လုပ်ကြံခံရပြီး ကွယ်လွန် ခဲ့ပါသည်၊ သို့သော်လည်း(၁၈)နှစ်အတွင်း သူရခဲ့သော သင်ရန်စာများကို အသုံးပြုကာ အောင်မြင်သောသူ တစ်ဦး၊ အဘိုး၏ခြေရာကို လိုက်နင်းနိုင်သူ တစ်ဦး ဖြစ်လာခဲ့ပါသည်။ အင်ပါယာတစ်ခုလုံးကို ငယ်ငယ်ရွယ်ရွယ်နှင့် ကိုင်းသိမ်းအုပ်ချုပ်နိုင်ဖို့ သူရခဲ့သော ပညာမှာ အကြာကြီး သင်ခဲ့ရတာမဟုတ်ပါ။ အချိန်အနည်းငယ်အတွင်းမှာ စူးစူးစိုက်စိုက်အာရုံပြု သောကြောင့် အဖိုး၏နည်းဗျူဟာအားလုံးကို ရခဲ့ခြင်းဖြစ်ပါသည်။ အောင်မြင်သော လုပ်ငန်းရှင်တစ်ယောက်ကသက်သေခံသည်မှာ သူသည် တစ်နေ့လျှင် နှစ်ကြိမ် အားသစ်လောင်းသည်ဟု ပြောပါ၏။ နံနက်(၁၁)နာရီမှာ တစ်ကြိမ်၊ ည(၄)နာရီမှာ တစ်ကြိမ် အာရုံပြု ဆုတောင်းပါ၏။ တစ်ကြိမ်လျှင်(၂)မိနစ်ပါပဲ။ ထိုမိနစ်များမှာ ဘုရားသခင်နှင့် ထိထိရောက်ရောက် တိုးဝင်ခဲ့ပါ၏။ ငြိမ်သက်ခြင်းဖြင့် ဘုရားသခင် ရှိကြောင်းဝန်ခံ၍ ကိုယ်စိတ်နှစ်လုံးသုံးပါးနှင့် အတိအကျ တိုးဝင်ခဲ့သောအခါ အမြဲတမ်းခွန်အားသစ်ကိုရ၍ ခြားနားသော အသက်ရှင်မှု၊ အောင်မြင်မှုကိုလည်း ရသည်ဟု ဝန်ခံခဲ့ပါသည်။

'စိတ်နှလုံးအကြွင်းမဲ့ ...' ဟူသော နှုတ်ကပတ်တော်ကို ဆင်ခြင်လျက် ဘုရားရှင်ထံသို့ တိုးဝင်ချဉ်းကပ်သောအခါ ဝန်ထုပ်များအားလုံးကို ချထားရပါမည်။ ရှုပ်ခနွှာ၊ ပုံသဏ္ဍာန်သာမဟုတ်၊ ကိုယ်စိတ်နှလုံး အကြွင်းမဲ့တိုးဝင်ခဲ့ပါလျှင် ဩဂုတ်လတွင် အောင်မြင်မှုများစွာကို ကိုယ်တော် ဖြင့်ဆင်ပေးသည်ဖြစ်ကြောင်းထင်ရှားလာပါ လိမ့်မည်။



## ဩဂုတ်လ(၂)ရက်၊ ၂၀၀၆–ခုနှစ် (ဗုဒ္ဓဟူးနေ့)

သခင်ယေရှုကိုယူတင်ဝတ်ဆောင်ကြလော့၊ ကိုယ်ကာယ၏တပ်မက်ခြင်းအလို့ငှါ မကြံစည်ကြနှင့်။ (ရောမဩဝါဒစာ၊ ၁၃း၁၄)

---

### 'ယူပါ ဖတ်ပါ ...'

ဩဂုတ်လရောက်သောအခါ ဩဂတ်စတင်း (**Augustine**)ဆိုသောအမည်ကိုလည်း သတိရစရာဖြစ်ပါသည်။ အလွန်နာမည်ကျော်သော၍အမည်သည် စိန့်ဩဂတ်စတင်း (လက်ပိုမြို့မှဘိရှော့)၏အမည်ဖြစ်လျက် ခရစ်သက္ကရာဇ်လေးရာတုံးက အလွန် ကြီးကျယ်သော ဓမ္မပညာရှင်ကြီးဖြစ်ပါသည်။ ဘုရားသခင် အသုံးပြုသောကြောင့် သူရေးသော သုံးပါးတစ်ဆူ(**On The Trainity**)စာအုပ်နှင့် ဘုရားသခင်၏မြို့တော် (**City of God**) သည် အလွန်ကောင်းမွန်၍ ခရစ်ယာန်စာပေသမိုင်းတွင် ထင်ရှားခဲ့ ပါသည်။ အာဖရိက၏ မြို့တော်တစ်မြို့ဖြစ်သော လက်ပိုမှာ ဂိုဏ်းအုပ်အဖြစ် (၃၅)နှစ် အမှုတော်ဆောင်ခဲ့ရင်း နှီတာတွေ၊ စာစောင်တွေနဲ့ အနက်ဖွင့်ကျမ်းများစွာကို ရေးသား သွန်သင်ခဲ့သောကြောင့် စိန့်ဩဂတ်စတင်းဆိုသည့်အမည်သည် ယခုတိုင် ကြားနေရတာ ဖြစ်ပါ၏။

စင်စစ် . . . သူကလည်းငယ်စဉ်က အတော်ဆိုးခဲ့တာပါ။ မိခင်ကဘုရားကို ယုံကြည်သူ၊ ဖခင်က ဘုရားမဲ့ဝါဒီဖြစ်၍ မညီသော ထမ်းပိုးအိမ်ထောင်ကြီးမှာ ကြီးပြင်း လာရပါ၏။ မိခင်အလိုကျ ခရစ်ယာန်ဘာသာဝင်ခဲ့သော်လည်း ပညာရေးကို ဦးစား ပေး၍ ဖခင်၏စရိုက်အတိုင်း ဘုရားကို အပြောင်အပျက် လှောင်ခဲ့ပုံသူ ဖြစ်ပါ၏။ တစ်ခါက . . "ဘုရားသခင်၊ ကျွန်တော့်အား သီလရှိရန် ပြုပြင်ပေးတော်မူပါ။ ဒါပေမယ့် အခုအဆင်သင့်မဖြစ်သေးဘူး"ဟု နောက်ပြောင်ဆုတောင်းသဖြင့် မိခင်ခမျာ ကြေကွဲခဲ့ရ ပါ၏။ သို့သော် . . တစ်နေ့မှာတော့ အီဂျစ်ပြည်က ကျော်ကြားလှသော ဘုန်းတော်ကြီး အန်တိုနီယို အကြောင်းကို စိတ်လှုပ်ရှားစွာကြားရသတဲ့။ သူလိုပဲ ခေါင်းမာတဲ့ မိတ်ဆွေနှစ်ယောက်က ပြောင်းလဲသွားလျှင် အိမ်သို့ပြန်သွားပါ၏။ တိုက်ဆိုင်စွာပင် သူ့အိမ်နီးချင်း ကလေးများက ဥယျာဉ်ထဲမှာ ကျမ်းစာအုပ်အကြောင်းသီချင်းဆိုနေကြသတဲ့။ ယူပါဖတ်ပါ. . . **Take it and Read** ဆိုတဲ့ သီချင်းသံကလေးကို ကြားတဲ့အခါ ကျမ်းစာကို ယူပြီးဖတ်ပါ၏။ ရောမဩဝါဒ စာ(၁၃)ကိုဖတ်ပြီးရင်ပဲ ပြောင်းလဲသောအသက်တာကို ရသွားပါ၏။ ဘုရားသခင်၏ ဆန့်ကျင်ဘက်အရပ်မှ နေ၍ ပြန့်လည်ရင်ဆိုင်သော လားရာသို့ ပြောင်းလဲသွားပါသည်။

ယူပါဖတ်ပါ သမ္မာကျမ်းစာအားဖြင့် ပြောင်းလဲမှု အများ ရှိပါ၏။ ကျွန်တော်တို့၏ အသက်တာ ၌ ထူးခြားမှုပြောင်းလဲမှုကို ရနိုင်ဖို့ ကိုယ်တိုင်၊ ကိုယ်ပိုင်အချိန်ပေး၍ နှုတ်ကပတ်တော်ကိုယူ၍ဖတ်ဖို့ စိန့်ဩဂတ်စတင်းက အသက်တာနှင့်ယှဉ်၍ သက်သေခံ ခဲ့ပါသည်။ **Take it and Read** ။ ယူပါ ဖတ်ပါ။

## ဩဂုတ်လ(၄)ရက်၊ ၂၀၀၆–ခုနှစ် (ကြာသပတေးနေ့)

ရှက်ကြောက်စရာအကြောင်းမရှိပဲ သမ္မာတရားကို မှန်ကန်စွာ ပိုင်းခြားနိုင်သော ဆရာသမား ဖြစ်လျက် ဘုရားသခင်ရှေ့၌ ကိုယ်ကိုဆက်သခြင်းငှါ ကြိုးစား အားထုတ်လော့။ (၂ တိ၊ ၂း၁၅)

### 'သင်ယူစရာ ...'

လွန်ခဲ့ဩဂုတ်လက ထိုင်းနိုင်ငံသို့ရောက်သွားရာ အငှားကားတစ်စီးကို ငှါးစီးခဲ့ပါသည်။ ဘန်ကောက်မြို့တော်သို့ ပြန်လာသောလမ်းပေါ်မှာ အငှားကားမောင်းသမားက လိုက်လှဲပျူငှါစွာ စကားပြောနေရာ ကျွန်တော်က. . 'အဆင်ပြေတယ်ထင်တယ်နော်'ဟု မေးမိပါ၏။ ပြေတယ်ဗျ။ ဒီနေရာက ကျွန်တော့်ဂိတ်ပဲ။ တနင်္ဂနွေနေ့ကလွဲရင် အမြဲရှိတယ်။ လိုရင်လာရှာပါ. . ဟုပြန်ဖြေပါ သည်။ တနင်္ဂနွေနေ့ကျတော့ မရှိဘူးလားဟုမေးလျှင်၊ ကျွန်တော်က တနင်္ဂနွေနေ့ဆို ဘုရားကျောင်း တက်တယ်လေ။ ကျွန်တော်က သံစုံအဖွဲ့မှာ ဘေ့စ်ဆိုတယ်ဗျ။ ဓမ္မသီချင်းတွေကို ဆရာကြိုက်လား . . ဟု ပြန်ပြော၏။ ကြိုက်ပါတယ်ဟု ဖြေလျှင် ဖိုးဆိုချင်ဒရိုင်ဘာက. . . ဒါဆို ဓမ္မသီချင်း တစ်ပုဒ်တို့ ဆိုပြပါရစေ ဟုပြောပြီး 'လာလိုသူတိုင်းလာ' ဓမ္မသီချင်းကို ထိုင်းဘာသာဖြင့် ဆိုပြလေ၏။ အံ့ဩစရာပါပဲနော်။ ကျွန်တော်လည်းမနေသာတော့သဖြင့် လိုက်ဆိုရာ နှစ်ယောက်သား အဆင်ပြေနေပါ၏။ သူက ဝမ်းသာစွာဖြင့် အယ်လတိုသံပြောင်းဆိုရာ ငယ်ငယ်တုံးက ရွာအသင်းတော်မှာ ကွာယာသီချင်းသင်ပေးခဲ့သော ခေါင်းဆောင် ဦးအောင်လှစိန် ကိုပင် သတိရသေးသည်။

ထိုနောက်တွင် သူက . . . ဒါတွေက သင်းအုပ်ဆရာကျေးဇူးဗျ။ ကျုပ်လုပ်ငန်းပျက်ပြီး ထိုင်စိတ်ညစ်နေတာကို သင်းအုပ်ဆရာက ဘုရားသခင်အလိုတော် တစ်ခုခုရှိမယ်။ ခင်ဗျားက ဖော်ရွေတယ်။ ကူညီတတ်တယ်။ ဝန်ဆောင်မှုကောင်းတယ်။ ဒါကြောင့် တက္ကစီဒရိုင်ဘာလုပ် ဆိုပြီး ခိုင်းတာဗျ။ သူလမ်းပြပေး၊ ဆုတောင်းပေးတာကြောင့် အခု တော်တော်အဆင်ပြေတယ်။ အဆိုဝါသနာကလည်း ရှိတော့ ဆရာက ခရီးသည်တွေကို ဓမ္မသီချင်းဆိုပြဖို့ ခိုင်းတယ်။ အခြေအနေ ကြည့်ပြီးတော့ပေါ့နော်။ အဲဒါနဲ့. . အခုတော့ လုပ်ငန်းရှင်တောင် မလုပ်ချင်တော့ဘူး တက္ကစီမောင်းရင်း ဓမ္မသီချင်း ဆိုမယ်ဗျာ။ 'သင်းအုပ်ရဲ့ကျေးဇူးကြီးတယ်ဗျာ။ ဩော်ဒါနဲ့ ခင်ဗျားလည်း ခရစ်ယာန်ပဲမဟုတ်လား. . . ဟု မေးရာ ဟုတ်ပါတယ်ဟု ဖြေလျှင် ဒါဆို သင်းအုပ်ကောကောင်းရဲ့လားဗျ။ အသင်းတော်မှာသင်းအုပ်ကစ္စမှုဖြစ်တာ။ ခင်ဗျား သင်းအုပ်ကောင်းကောင်းနဲ့ တွေ့ဖို့ အရေးကြီးတယ်နော် . . . ဟုပြောလျှင် . . .

ကျွန်တော်မဖြေနိုင်တော့ပါ။ အသင်းတော်မှာ ကျွန်တော်ကိုယ်တိုင် သင်းအုပ် ဖြစ်နေတာမို့ ဘယ်လို ဖြေရမလဲ။ တစ်ခုတော့ သင်ရန်သင်ခန်းစာ ရပါ၏။ သင်ယူစရာ၊ ဆင်ခြင်စရာအများကို ဘုရားသခင်သည် နေ့စဉ်ပေးနေပါ၏။ သင်ယူစရာတို့ကို ရှက်ကြောက်ခြင်း မရှိပဲနှာခံ၍ ဘုရားသခင်ရှေ့၌ ကိုယ်ကိုဆက်သခြင်းငှါ ကြိုးစားကြပါစို့။



## ဩဂုတ်လ(၅)ရက်၊ ၂၀၀၆–ခုနှစ် (သောကြာနေ့)

သင်တို့သည် မြွေကင်းမြီးကောက်တို့ကို နိုင်ရသောအခွင့်နှင့် ရန်သူများကိုနိုင်ရသော အခွင့်တန်ခိုး ငါပေး၏။ (ရှင်လုကာခရစ်ဝင်ကျမ်း ၁၀း၁၉)

### 'သချပ်ဆောင်သူ .. မြွေ'

ဩဂုတ်လ မိုးသည်းသည်းမှာ အိမ်ထဲသို့ ရေဝင်လာပါ၏။ နိမ့်သောအိမ်ထဲသို့ ရေသာမက မြွေနှစ်ကောင်ပါ ကူးရင်းခတ်ရင်းဝင်လာရာ တောထူးအုပ်စိုးက မရှိ။ ကျွန်တော်ကလည်း ဖျားနေရာ ဇနီးသည်က ကျောင်းမှာဆို အသံပေးရင် လွတ်ပြေးတာပဲ ဆိုပြီး ထမင်းအိုးဖုံးကိုပြေးယူ၍ တုတ်နှင့် ခေါက်ပါသည်။ အသံကဆူညံနေရာ တကယ်ပဲ မြွေတစ်ကောင် ပြေးသွားပါ၏။ ဇနီးသည်က အားတက်ပြီးဆက်ခေါက်ရာ မြွေလည်း ပျောက်ရော ထမင်းအိုးဖုံး လှလှလေးမျာ ရှုံ့တွဖုဖောင်းပြီး ဘယ်လိုမှ အကောင်း မဖြစ်တော့၍ ရယ်လည်းရယ်ရ။ စိတ်လည်း ညစ်ရပါ၏။ မြွေကိုမြင်ယောင်တာ အိမ်သားများမှာ ဟိုဟာထိလည်းလန့် ဒီဟာတွေ့လည်းလန့်နှင့် တစ်ညလုံး ခြောက်ခြား နေခဲ့အောင်. . . မြွေက စွမ်းဆောင်သွားပါ၏။ မြွေအကြောင်းကိုစဉ်းစားမိရင်း တစ်ခါက မေလိတကျွန်းပေါ်မှာ ရှင်ပေါလု မြွေတိုက်ခံခဲ့ရတာကို သတိရပါသည်။ သဘော်ာ ပျက်သော ဒုက္ခမှ လွတ်မြောက် လာသော . . .

မီးလှုံနေသည့်ရှင် ပေါလုလက်ကို မြွေကတိုက်ပါသည်။ မေလိတကျွန်းသူကျွန်းသား များက မြွေအကြောင်းသိ၍ ဒီလူမကြာခင်အဆိပ်တက်ပြီး တစ်ကိုယ်လုံး ယောင်လာမယ်၊ သေမယ် . . . ဟုပြောကြပါ၏။ သို့သော် . . . ရှင်ပေါလုက မြွေကိုခါချလိုက်ပြီး အဆိပ် မတက်တော့ အံ့ဩကြ ပါ၏။ ရှင်ပေါလုကိုတန်ခိုးရှင်ဟု အောက်မေ့ကာ လေးစားကြပါ၏။ ရှင်ပေါလုက ကျွန်းပေါ်မှာ နာမကျန်းသူတွေကို ဆုတောင်းပေးပြီး အနာရောဂါ ငြိမ်းစေ ပါသည်။ ဘုရားရှင်ပေးသော တန်ခိုးများစွာကြောင့် ရှင်ပေါလုသည် မြွေအန္တရာယ်မှ တင်းလွတ်လျှက် ဘုန်းတော်ကိုထင်ရှား စေနိုင်ပါသည်။

ဧဒင်ဥယျာဉ်ကို ပျောက်ဆုံးစေသူမှာ ရှေးမြွေဟောင်းဖြစ်သော စာတန်မာရ်နတ် ဖြစ်ပါ၏။ သူ၏လက်နက်မှာ စုံစမ်းသွေးဆောင်ခြင်းဖြင့် အပြစ်ကိုပြုစေရန် ဖြစ်ပါသည်။ စုံစမ်းခြင်းများ၊ သွေးဆောင်ခြင်းများဖြင့် ကျွန်တော်တို့၏ သာယာသောအသက်တာ ဧဒင်ဥယျာဉ်များ ပျောက်ဆုံးနိုင်ပါ၏။ စင်စစ် . . သခင်ယေရှုက မြွေ(စုံစမ်းခြင်း)ကို နိုင်ရသော အခွင့်တန်ခိုးကိုပေးလျက်ရှိပါ၏။ အဓိပ္ပါယ်မှာ ကိုယ်တော်ကို အားကိုးခြင်းဖြင့် စုံစမ်းခြင်း၊ သွေးဆောင်ခြင်း၊ ဖျားယောင်းခြင်း များကို ကျွန်တော်တို့အောင်နိုင်သည်ကို သိမှတ်ကြပါစို့။ စုံစမ်းခြင်းကို တွေ့ရမည်မှာ အစဉ်အလာ တစ်ခုဖြစ်ပါ၏။ သို့သော် . . . စုံစမ်းခြင်းကိုအောင်နိုင်သောအခါ ဘုရားသခင်၏ ဘုန်းတော်ကိုထင်ရှားစေမည် ဖြစ်သော ကြောင့် စုံစမ်းခြင်းကိုတွေ့ရလျှင်စိတ်မပျက်ရပါ။ ခွန်အားယူ၍ ဝမ်းမြောက်စွာ ကျော်နင်း ဖြတ်သန်းသွားကြပါစို့။

## ဩဂုတ်လ(၅)ရက်၊ ၂၀၀၆-ခုနှစ် (စနေနေ့)

ထာဝရဘုရား၌ မွေ့လျော်ခြင်းရှိလော့။ သို့ပြုလျှင် စိတ်နှလုံးအလိုကို ပြည့်စုံသော အခွင့် ကို ပေးတော်မူမည်။ (ဆာလံကျမ်း၊ ၃၇း၄)

### 'ကျန်သောတတိယအချက် ...'

ပီနန်ကျွန်းသို့ ရောက်သောအခါ သာယာလှပသော ဒေသပတ်ဝန်းကျင်ကြောင့် စိတ်နှလုံး ချမ်းမြေ့ရပါ၏။ မလက္ကာရေလက်ကြားနှင့် အိန္ဒိယသမုဒ္ဒရာအလယ်မှ ပီနန်ကျွန်းသည် စိမ်းစိမ်းစိုစို တောတောင်များ၊ လှပသောတောင်စဉ်တောင်တန်း၊ ဖြူဖွေးသောသဲ မြေကမ်းခြေများဖြင့် အလွန်လှပပါ၏။ မလေးရှားနိုင်ငံ၏ အစိတ်အပိုင်း ဖြစ်သော်လည်း ခရစ်ယာန်ဘာသာအခြေခိုင်လျှက် ဗိမာန်တော် များစွာရှိကာ ဝတ်ပြုသူလည်း များပါ၏။ အသင်းတော်များမှဖွင့်သော စာအုပ်ဆိုင်များကလည်း စာအုပ်မျိုးစုံ ရောင်းချရာ အထူးသဖြင့် 'အောင်မြင်ရေးတက်ကျမ်း[illegible]စာအုပ်' များ ရောင်းကောင်းလှပါ၏။ နောက်တစ်မျိုးကတော့ 'ပြဿနာများကို ဖြေရှင်းခြင်း' စာအုပ် ဖြစ်ပါသည်။ ထိုအကြောင်းအရာပါ စာအုပ်ကလေးတစ်အုပ်ကို ဝယ်ပါလားဟု စာအုပ်ရောင်းသူ ပီနန်ကျွန်းမှ မိန်းကလေးက တိုက်တွန်းပါ၏။

ကျွန်ုပ်တော်က . .

'ဒီစာအုပ်မျိုးက အရမ်းထွက်တာပဲနော်' ဟုပြောလျှင် 'ဟုတ်ကဲ့ရှင့်၊ လူကြိုက်များတဲ့ အရောင်းရဆုံး(**Best Seller**)တွေပါ' ဟုဖြေပါသည်။

ရှပ်ရှင်၊ မှုခင်းတွေထက်တောင် ရောင်းကောင်းလားဟု မေးလျှင် သူမက ချစ်စဖွယ် ပြုံး၍ . . .

အချစ်ဝတ္ထုတွေထက်တောင် ပိုရောင်းရ သေးတယ် 'ဖ[illegible]ပြုံ[illegible]၏၊ [illegible]ဘာဖြစ်လို့လဲ ဆိုတော့ လူတွေ့ဘှာခက်ခဲတာ၊ ပြဿနာတွေနဲ့ ရင်ဆိုင်ကြရတာဆိုးတော့ ဒီပြဿနာတွေလဲက လွတ်မြောက် ချင်တာကိုး။ အဖိုးလည်းဖတ်ကြည့်ပါ။ အဖိုးတန်တဲ့ နည်းပညာတွေပါတယ် . . .' ဟု တိုက်တွန်းပြန်၏။ ဈေးကတော့ကြီးလှ၏။ အနည်းဆုံး(၄၈)ရင်းဂစ်ဆိုတော့ တစ်သောင်းခွဲကျပ် နီးနီးဖြစ်၍ မဝယ်နိုင်ပါ။

အမေရိကန်နိုင်ငံမှာ သင်းအုပ်ဆရာကြီး နော်မန်ဗင်းဆင့်ပီးလ်က 'သာမန်အားဖြင့် လူအများသည် မိမိတို့၏ပြဿနာကို နည်းသုံးမျိုးဖြင့် ဖြေရှင်းသည်' ဟု ဆိုပါ၏။ (၁) အလုပ်လုပ်ခြင်း (၂) တွေးခေါ်ကြံဆခြင်း (၃) ဆုတောင်းခြင်းတို့ဖြင့် ပြုလုပ် ဖြေရှင်းနိုင်သော်လည်း လူအများစုဟာ ပထမနှင့်ဒုတိယအချက်ကိုသာ လုပ်ဆောင်၍ တတိယအချက်ကို လျစ်လျူရှုထားပါ၏။ ကျန်သော တတိယအချက်ကို သိ၍နားလည်၍ ယုံကြည်၍ လုပ်ဆောင်သူသည် အခြားသူများထက် သာလွန်အောင်မြင်ကြောင်း တို့တွေ့ရပါလျှက် အဘယ်ကြောင့် မလုပ်ဆောင်သနည်း . . . ဟု မေးမြန်းခဲ့ဖူးပါ၏။



## ဩဂုတ်လ(၆)ရက်၊ ၂၀၀၆-ခုနှစ် (တနင်္ဂနွေနေ့)

ပဋ္ဌနာစကားကိုပြင်ဆင်၍ ထာဝရဘုရားထံတော်သို့ ပြန်လာလျက် အကျွန်ုပ်တို့၌ ရှိသမျှသော အပြစ်တို့ကို ပယ်ရှင်းတော်မူပါ။ ကျေးဇူးပြု၍လက်ခံတော်မူပါ။ (ဟောရှေအနာဂတ္တိကျမ်း၊ ၁၄ း ၂)

### 'ကျေးဇူးပြု၍ လက်ခံသည်'

၁၉၇၂ ခုနှစ် ဩဂုတ်လ(၆)ရက်၊ ဟနပ်ချွေနေ့နံနက်သည် သာယာလှပါ၏။ ဥပုသ်နေ့ ဖြစ်သော်လည်း ဟသ်ာတမှဦးအုန်းမိသားစုသည် ဘုရားကျောင်းသို့မသွားဘဲ အပျော်ခရီး ထွက်သွားကြသည်။ ဥပုသ်နေ့မဟုတ်ဘဲအားလပ်ရက်ဖြစ်သည်ဟု ဦးအုန်းကနောက်ပြောင် သေးသည်။ ရောဝတီမြစ်ထဲမှာ ဖောင်တစ်ခုကိုစီး၍ စုန်ဆင်းကြပါ၏။ ယခင်က ဥပုသ်နေ့ ဆိုလျှင် မိသားစု ဘုရားကျောင်းမှန်မှန်တက်သော်လည်း နောက်ပိုင်း ဦးအုန်း၏မိခင် မရှိကတည်းက တဖြည်းဖြည်းပေါ့ဆလာကာ ဘာသာရေးမှာဝရုစိုက်ခြင်းမရှိတော့ပါ။ ထိုနေ့တွင် သူတို့ စီးလာသော ဝါးဖောင်သည် မတော်တဆပင် အရှေ့မှသစ်ဆောင်ကို တိုက်မိကာမှောက်လေ၏။

ဦးအုန်းနှင့်သမီးချောစုအုန်းက သစ်ဖြင့်ဖောင်ကိုတွယ်ဖက်ထားပါသည်။ သားဖြစ်သူ ရွှေအုန်းနှင့်လှအုန်းကတော့ သစ်ဖောင်ကိုသွားကိုင်မိပါ၏။ ဇနီးဖြစ်သူဒေါ်မာလာကတော့ ဘာကိုမျှမကိုင်မိ ရေစီးနှင့်မျောလေ၏။ ရေလည်းမတူးတတ်။ အဝတ်များလည်းကျွတ်၊ မြုပ်လိုက်ပေါ်လိုက်နှင့် ပြင်းထန်သောရေလွှာကြမ်းကြမ်းသယ်ဆောင်ရာသို့ ဇောက်ထိုး မိုးမျှော် ပါသွားလေ၏။ သတိမလစ်ခင်ကလေးမှာ ဘုရားသခင်ကိုသတိရ၍ ဆုတောင်းမည် ပြုပြီးမှ . . မတောင်းရဲ မတောင်းဝံ့ဖြစ်ပါသတဲ့။ ဥပုသ်နေ့မှာ ဘုရားကျောင်းကိုမသွားဘဲ အပျော်ခရီးထွက်လာ၊ သောကြောင့် ဆုတောင်းရင်လည်း ဘုရားသခင်က နားထောင်မှာ မဟုတ်ပါဘူးဟု အောက်မေ့ကာ ဝမ်းနည်းလျက် နောင်တရလျက် ရေထဲမှာ လိမ့်ကာလူးကာ မျောပါသွားပါ၏။ ရုတ်တရက် ထူးဆန်းသောအဖြစ် ဖြစ်လာပါသည်။ တံငါသည် တစ်ယောက်က တိုက်ဆိုင်စွာပင် ကျယ်သောမြစ်ပြင်ထဲမှာ ကွန်ကိုပစ်ချရာ . . . ဒေါ်မာလာကို အုပ်မိလေ၏။ အလျှင်အမြန် ဆွဲတင်သောအခါ ကွန်သည်စုတ်ပြတ်လျက် အဝတ်အစားမရှိသော ဆံပင်ဖရိုဖရဲနှင့်အဖွားကြီးကိုမိလေ၏။ ထိုနေ့က သူတို့မိသားစု ငါးယောက်သည် အသက်အသေပါ။ ထိတ်လန့်တုန်လှုပ်လျက် အိမ်သို့ပြန်လာ ကြပါ၏။ နောင်တလည်းကြီးစွာရခဲ့ပါသည်။ တံငါသည်ကြီးက ဒေါ်မာလာ၏လည်းပင်း၌ မပြုတ်မကျ ကျန်ခဲ့သော လက်ဝါးကားတိုင်ဆွဲကြိုးကိုကြည့်ကာ . . . ခင်ဗျားတို့ ခရစ်ယာန် မဟုတ်လား ဟု မေးသော အသံကိုကြားလျှင် မိသားစုသည် ခေါင်းငုံ့နေကြပါ၏။

ရှေ့အပတ်တွင် သူတို့သတ်သေခံကြပါသည်။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ ဘုရားရှင်သည်မေတ္တာမပျက်ပါ။ ကျွန်ုပ်တော်တို့ကဘုရားရှင်ထံမှရှောင်ဖယ်၍နေသောအခါ ဘုရားရှင်သည် ဝမ်းနည်းပါ၏။ ဘုရားနှင့်ဝေးလျှင် ယနေ့ပြန်လာခဲ့ပါ။ သင့်ကိုလက်ခံရန် ကျေးဇူးပြုရန် အစဉ်သဖြင့်ရှိပါ၏။

## ဩဂုတ်လ(၇)ရက်၊ ၂၀၀၆—ခုနှစ် (တနင်္လာနေ့)

လူသည်နေအောက်မှာ ကြိုးစားအားထုတ်သော အမှု၊ အလွန်စွဲလမ်းသောအမှု၊ အလုံးစုံတို့၌ အဘယ်အကြိုးရှိသနည်း။ (ဒေသနာကျမ်း၊ ၂း၂၂)

---

### 'အလွန်စွဲလမ်းသောအမှု ..'

ပြဿနာက ကော်ဖီတစ်ခွက်ကြောင့် ဖြစ်ပါသည်။ ရန်ကုန်ပြန်မည့်ညက ဘန်ကောက် လေဆိပ်မှာ အချိန်အနည်းငယ်ပိုသဖြင့် ဆိုင်တစ်ခုမှာကော်ဖီဝင်သောက်ပါ၏။ ကြော်ငြာ တတ်ပြားမှာ ကော်ဖီအမည်(၁၂)မျိုးခန့် ရှိပါသည်။ ဈေးနှုန်းကတော့ မြန်မာငွေ (၁၂၀၀)လောက်ချည်းပဲ ဖြစ်ရာ ဘယ်ကော်ဖီသောက်ရမလဲ မသိပါ။ နောက်ဆုံးတော့ နာမည်ကြီးသော ယိုးဒယားစတိုင် ကော်ဖီကို မှာသောက်ပါ၏။ ကော်ဖီကမဆိုးပါ။ သို့သော် မြောက်ဥက္ကလာပမှ သမီး'ရွှေလေဆိန်'၏ သံတောင် ကော်ဖီလောက်မကောင်းဟု အောက်မေ့သဖြင့် လိုက်ပို့သောမိတ်ဆွေကို တို့ရန်ကုန်က 'ရွှေလေ'သာ ဘန်ကောက်မှာ ကော်ဖီလာရောင်းရင် ဒီဆိုင်တွေပြုတ်မှာဘဲဟု ကြွားနေလေ၏။ ထိုမိတ်ဆွေက ကော်ဖီကြောင်းမပြောဘဲ 'ရွှေလေ'ဆိုတာအပျိုလားဟုမေးရာ ထိုမိတ်ဆွေ ချာတိတ်ကို ငါ့သမီးကွဟုပြောရင်း ခေါင်းထုလိုက်သေး၏။ ရုတ်တရက်သတိရ၍ နာရီ ကြည့်လိုက်တော့ လေယာဉ်ထွက်တော့မည်။ ဒုက္ခပဲ... ပြေးကြစို့ဟုဆိုကာ အထုပ်ကိုမ၍ နှစ်ယောက်သား ပြေးလေ၏။

ဘန်ကောက်လေဆိပ်က ကျယ်လွန်းသည်။ ထွက်ပေါက်က ရှစ်ဆယ်ဆိုတော့ ကိုယ့်လေယာဉ် ထွက်ပေါက်က ဝေးသည်။ စိတ်စောသဖြင့် မောရမှန်းမသိပြေးရာ ထိုင်းလူငယ်ခများ ကျွန်တော့ အထုပ်ကိုထမ်းရင်း မှီအောင်မလိုက်နိုင်၊ လျှာထွက်၍ မောနေ၏။ သားနားသော လေဆိပ်ထဲမှာ ကျွန်တော်တို့နှစ်ယောက် အသည်းအသန် ပြေးနေသည်ကို ကြည့်ရင်း အံ့သြနေကြပါ၏။ ဟော့ကောင် အရေးကြီးတာ နားမလည် ဘူးလား မြန်မြန်လာပါဟု အော်ပြောလိုက်ရာ သူက အေးအေးဆေးဆေးလုပ်ပါ၊ လေယာဉ်မမှီလည်း နောက်လေယာဉ်ရှိတာပဲ၊ ကျွန်တော်မောလို့ သေတော့မယ် ဟု ပြောပါသည်။ ထိုနောက်တွင် သူကဖြေးဖြေးပဲလျှောက်လာကာ ကျွန်တော်က အေးအေး ဆေးဆေးပဲ လုပ်ချင်တယ်၊ ဆရာလည်း အေးအေးဆေးဆေးပဲ လုပ်ပါ၊ အဲဒါဆိုရင် အလုပ်တွေ အချိန်တိုတိုနဲ့ ပြီးသွားနိုင်တယ်။ အဲဒီအပြင် အသက်ရှည်မယ်ဟု အကြံပေး လေသည်။ ထို့နောက် သူက ကျွန်တော့အဖေက ဖြေးဖြေးမှန်မှန်ပဲလုပ်ဖို့ သင်တယ်။ အဲဒီအတိုင်း ကြိုးစားပြီး လက်တွေ့အသက်ရှင်တယ်ဟု ဆက်ပြောလျှင် ကျေးဇူးပါပဲဟု ကျွန်တော်က ပြောခဲ့ပါ၏။ စင်စစ် စိတ်စောခြင်းသည် စိတ်မောခြင်းကို ဖြစ်စေပါ၏။ အောင်မြင်လိုသောစိတ်နှင့် အလွန်စွဲလမ်းသောအမှုကိုပြုလျှင် ပင်ပန်းလွန်း ပါ၏။ ဘုရားရှင်က ပင်ပန်းစေရန် ဆန္ဒမရှိပါ။ ပုံမှန်သာလုပ်ဆောင်ခဲ့လျှင်လည်း ထိုက်တန်သော အောင်မြင်မှုတစ်ခုတော့ ဘုရားရှင် ပြင်ဆင်ပေးမှာပါ။



## ဩဂုတ်လ(၈)ရက်၊ ၂၀၀၆—ခုနှစ် (အင်္ဂါနေ့)

အို.. ထာဝရဘုရား နံနက်အခါ အကျွန်ုပ်၏စကားသံကို ကြားတော်မူပါ၏။ နံနက်အခါ ကိုယ်တော်ကို မျက်မှောက်ပြု၍ မျှော်လင့်ပါသည်။ (ဆာလံကျမ်း၊ ၅း၃)

---

### ' နံနက်ချိန်ခါ '

တစ်ခါတုံးက ရေဒီယိုမှာ ကြားဖူးနေကျ နားရည်ဝသော အစီအစဉ်၏အမည်မှာ 'နံနက်ချိန်ခါ တေးသံသာ' ဖြစ်ပါ၏။ ယနေ့တွင် ကျွန်တော်က 'နံနက်ချိန်ခါဆုံးဖြတ်စရာ' ဟူသောအကြောင်းကို ဝေငှလိုပါရစေ။ တစ်ခါတုံးက အာဖရိကတောကြီးထဲမှာ ခြင်္သေ့ တစ်ကောင်နှင့် တောင်ဆိတ် တစ်ကောင်တို့ နေထိုင်ကြပါ၏။ သူတို့သည် နံနက်မိုးသောက် အလင်းရောက်သည်နှင့် ခြင်္သေ့က..

' ငါဒီနေ့တော့ တောင်ဆိတ်ထက်ပိုမြန်အောင် ပြေးရလိမ့်မယ်၊ မဟုတ်ရင်တော့ ဒီနေ့ဟာ ငါ့အတွက် ဆာလောင်မွတ်သိပ်ရာနေ့ ဖြစ်နိုင်တယ် 'ဟု ဆုံးဖြတ်သတဲ့။ တစ်ချိန်တည်းမှာ တောင်ဆိတ်ကလည်း ...

' ငါဒီနေ့တော့ ခြင်္သေ့ထက်ပိုမြန်အောင် ပြေးရလိမ့်မယ်၊ မဟုတ်ရင်တော့ ဒီနေ့ဟာ ငါ့အတွက် နောက်ဆုံးနေ့ ဖြစ်နိုင်တယ် 'ဟု ဆုံးဖြတ်လေ၏။ ခြင်္သေ့အစာကို မခံနိုင်သော တောင်ဆိတ်နှင့် တောင်ဆိတ်ကိုစားရန်လိုအပ်သော ခြင်္သေ့တို့၏ အားပြိုင်ပွဲသည် နံနက်ချိန်ခါ ဆုံးဖြတ်စရာအဖြစ် နေ့စဉ် ဖြစ်ပေါ်နေပါ၏။ အကယ်၍ ကျွန်တော်တို့သည် တောင်ဆိတ် နေရာမှာပဲနေနေ၊ ခြင်္သေ့နေရာ မှာပဲရှိရှိ အဓိကဆုံးဖြတ်ရမှာကတော့ ယနေ့အတွက် အမြန်ဆုံးပြေးဖို့ပဲဖြစ်လေသည်။ နံနက်ခင်း ဆုံးဖြတ်ချက်မှာ စင်စစ် တသက်တာအတွက် အရေးကြီးသောအရာ ဖြစ်ပါသည်။

လျှင်မြန်စွာပြေးနိုင်သော ခွန်အားကို ပေးသူမှာ ဘုရားသခင်ဖြစ်၍ ဘုရားသခင်၏ ခွန်အားမပါပဲ ကျွန်တော်တို့ မြန်မြန်မပြေးနိုင်မှာ သေချာပါသည် .. ဘုန်းတော် ဝင်စား ခဲ့ပြီးသော နမ္မတူမြို့မှ သိက္ခာတော်ရဆရာ စောထွန်းဝင်းကပြောဖူးသောစကားကို ဝေငှ လိုပါ၏။ သူက ခရစ်တော်ကိုမယုံကြည်ကြသောသူတို့က နံနက်ငါးနာရီမှာထပြီး သူတို့နဲ့ သက်ဆိုင်တဲ့ဘုရားကိုရှိခိုးတာကြားရခဲ့လျှင် ခရစ်တော်ကို ယုံကြည်သူတို့ကလည်း နံနက် လေးနာရီမှာထပြီး ထာဝရဘုရားကို ရှိခိုးကိုးကွယ်ခွန်အားယူရန်ကောင်းပါသည်ဟု ပြောပါ၏။

အင်္ဂလိပ်သင်းအုပ်ဆရာ စပါဂျင်ကမူ.. နံနက်၌ သင်သည်ဘုရားသခင်ကိုမရှာဖွေခဲ့ လျှင် စာတန်မာရ်နတ်သည် သင့်ကိုရှာဖွေလိမ့်မည်ဟု ရေးသားခဲ့ပါသည်။ ဒါဝိဒ်မင်းသည် နံနက်စောစောတွင် ဘုရားရှင်ထံတိုးဝင်ချဉ်းကပ်၍ ယမ်းညွှန်မှုနှင့် ကွယ်ကာမှုကို ရှာဖွေခဲ့ ပါသည်။ ကျွန်တော်တို့သည်လည်း နေ့သစ်မှာဆုံးဖြတ်စရာကို အောင်မြင်စွာချနိုင်ဖို့ ခွန်အား ယူလျက်ပြင်ဆင်မှသာ စာတန်ကိုအောင်နိုင်မည်ဖြစ်ပါ၏။

## ဩဂုတ်လ(၉)ရက်၊ ၂၀၀၆-ခုနှစ် (ဗုဒ္ဓဟူးနေ့)

ဘုရားသခင်၏သားတော်ယေရှုခရစ်၏ အသွေးတော်သည် ငါတို့အပြစ်ရှိသမျှကို ဆေးကြောတော်မူ၏။ (ရှင်ယောဟန်ဩဝါဒစာပဌမစောင်၊ ၁း၇)

---

### 'အသွေးတော်ဖြင့် ..'

ဆရာကြီး ဂျွန်စက်စလေ(၁၇၀၃-၁၇၉၁)သည် တစ်ညသောအခါ တရားဟောရာမှ တစ်ယောက်တည်းအပြန်၌ လူဆိုးတစ်ယောက်၏လုယက်ခြင်းကိုခံရ၏။ သူ၌ ငွေစ အနည်းငယ်နှင့် ဝေစာများသာ ပါသည်။ လူဆိုးသည် ရသမျှကိုယူပြီးထွက်ခွါလျှင် ဆရာကြီးက နေပါဦးမိတ်ဆွေ ဒီဝေစာကိုပါ ယူသွားပေးပါ။ ဒီအလုပ်ကို စိတ်ပျက်လာတဲ့ တစ်နေ့ဖတ်ပါ ဟု ပြောရင်း 'အသွေးတော်သည် အပြစ်ရှိသမျှကို စင်ကြယ်စေ၏' ခေါင်းစဉ်ပါဝေစာကို ပေးလေသည်။ လူဆိုး ထွက်သွားလျှင် သူသည် ဒူးထောက်ကာ ဆုတောင်းပေးပြန်၏။

နှစ်ပေါင်းများစွာ ကြာသောအခါ တစ်ခုသောဥပုသ်နေ့၌ ဗိမာန်တော်တွင် ဆရာကြီးသည် ဒေသနာကို ဟောပြောအပြီး၌ ထုံးစံအတိုင်း ဗိမာန်တော်ထွက်ပေါက်မှနေ၍ တစ်ဦးပြီးတစ်ဦး နှုတ်ဆက်လေ၏။ အသင်းသားများကုန်သွားသောအခါ လူစိမ်း တစ်ယောက်သည် မလှမ်းမကမ်းတွင် ရပ်နေသည်ကို သူမြင်သဖြင့် သွား၍နှုတ်ဆက်ရာ ထိုသူက သူ၏အမည်ကို ပြောပြပြီး . .

'ကျွန်တော်ဟာအခုအချိန်မှာ အောင်မြင်တဲ့ လုပ်ငန်းရှင်တစ်ဦးပါ။ စီးပွားရေးကလည်း ပြေလည်ပါပြီ။ ဒါပေမယ့် ကျန်ခဲ့သောနှစ်ပေါင်းများစွာက ညတစ်ညမှာ ဆရာကြီးကို လုယက်ခဲ့တဲ့လူဆိုးဟာကျွန်တော်ပါပဲ'ဟု ဝန်ခံပြောဆိုလေသည်။

ထိုအခါဆရာကြီးက. .

'ကျွန်တော်ဝမ်းသာပါတယ်။ ကျွန်တော့်ဆုတောင်းကို ဘုရားသခင်က ဖြည့်ဆည်း ပေးတာပဲ။ အဲဒီတုံးက 'ဤလူဆိုးအား တယ်တော်မူသောကြောင့် ကျေးဇူးတော် ကြီးလှပါ၏။ ဤဝေစာအား အသုံးပြုတော်မူပါ'လို့ ကျွန်တော်ဆုတောင်းခဲ့တယ်ဟု ပြောပြပါ၏။ လူဆိုးဖြစ်ဖူးသူက ဆရာကြီး၏ ကျေးဇူး ကြီးလှပါတယ်ဟုဆိုလျှင် သူက . .

'ကျွန်တော့်ကို ကျေးဇူးမတင်ပါနဲ့။ ခင်ဗျားကျေးဇူးတင်ရမှာက ကျွန်တော်တို့အားလုံးကို အပြစ်မှ လုံးဝကင်းစင်စေသော ခရစ်တော်၏ အသွေးတော်ကိုသာ ကျေးဇူးတင်ပါ'

ရှင်ယောဟန်ဩဝါဒစာ ပဌမစောင်၌ ကိုယ်အပြစ်မရှိဟု ငါတို့သည်ဆိုလျှင် ကိုယ့်ကို လှည့်ဖျားကြ၏။ ငါတို့၌သစ္စာတရားမရှိဟု ကျမ်းစာလာပါ၏။ ကျွန်တော်တို့သည် အသွေးတော်အားဖြင့် အပြစ်မှ ကင်းစင်ခွင့်ရပါ၏။ သို့သော် ဘုရားသခင်သည် အလင်း၌ ရှိတော်မူသကဲ့သို့ ကျွန်တော်တို့သည် အလင်း၌ကျင်လည်၍ မိတ်သဟာယဖွဲ့ရန် လိုကြောင်းကိုမူ သတိပြုရပါလိမ့်မည်။



## ဩဂုတ်လ(၁၀)ရက်၊ ၂၀၀၆-ခုနှစ် (ကြာသပတေးနေ့)

ဤနေ့ရက်သည် ထာဝရဘုရား စီရင်တော်မူသော နေ့ရက်ဖြစ်၍ ယနေ့ ဝမ်းမြောက် ရွှင်လန်းကြအံ့။ (ဆာလံကျမ်း၊ ၁၁၈ း ၂၄)

---

### ' ရွှင်လန်းသောနေ့ '

ကျွန်တော့်အိမ်နီးချင်းမိသားစုသည် ထမင်းစားပွဲရှေ့သို့ရောက်၍ နံနက်စာဖြစ်စေ၊ ညနေစာဖြစ်စေ၊ စားသုံးမည်ပြုသောအခါတိုင်း အထက်ပါကျမ်းချက်ကို ရွတ်ပြီးမှ ဆုတောင်းကာ စားသောက်လေ့ရှိသည်မှာ အနှစ်နှစ်ဆယ်ခန့် ကြာခဲ့ပါသည်။ သူနှင့် တွေ့လျှင်လည်း 'ထာဝရဘုရား စီရင်သောနေ့' ဟူသောစကားကိုပြောလေ့ရှိမြဲ ဖြစ်ပါသည်။ သူ၏သားသမီးများလည်း အရွယ်ရောက်လာပြီးနောက် အိမ်ထောင်ခွဲကြသောကြောင့် ရပ်ဝေးမြေခြားသို့ပြောင်းရွှေ့ပါပြီ။ သူတို့၏ ဇနီးမောင်နှံနှစ်ဦးသာ ကျန်သောအချိန်၌လည်း သူတို့၏ရွှေကျမ်းချက်ကို နံနက်တိုင်း ညနေတိုင်းအစဉ်အလာမပျက် ရွတ်ဆိုမြဲ ဖြစ်ပါသည်။ သူတို့၏ဧည့်ခန်းတွင် သစ်သားပြားကို ပေါ်လစ်ဆီတင်ပြီးမှ ပန်းချီဆေးဖြင့်ရေးထားသော ထိုစာတန်းရှိ၏။

နောက်ဆုံး . . . သူတို့ ဆွဲထားသောဆွဲကြိုး၏ လက်ဝဲကပ်တိုင်ပုံ လော့ကက် ပေါ်မှာပင် (ဆာလံ၊ ၁၁၈း၂၄)ဟူသော စာလုံးကလေး ထွင်းထားသေး၏။

နှစ်ပေါင်းအတော်အတန်ကြာ ထိုရွှေကျမ်းချက်နှင့် ဖက်တွယ်အသက်ရှင်ခဲ့သော ဇနီးမောင်နှံသည် ရုတ်တရက်ခင်ပွန်းဖြစ်သူ၏ကျန်းမာရေး ဆိုးဝါးလာပါသည်။ နှလုံးရောဂါ ဟု သိရပြီး အထူးကြပ်မတ်ဆောင်တွင် ကုသနေရစဉ်မှာပင် ခွဲစိတ်ကုသရမည်ဟု ဆရာဝန်ကကြေငြာ ပါတော့၏။ အသက်ရှင်ရာခိုင်နှုန်းသည် ၂၅% ဟု ပြောပါ၏။ အမိပွဲါယ်မှာ သေနိုင်သည်ဟု ဆိုကြပါစို့။

ဇနီးသည်သည် မျက်ရည်ကျလျက် သူ၏သားသမီးအားလုံးကို ခေါ်ဖိတ်ကာ ခင်ပွန်းသည် ခွဲစိတ်မည့် နံနက်တွင် ကုတင်ဘေးတွင်ရပ်လျက် သူတို့၏ရွှေကျမ်းချက် ဖြစ်သော ဆာလံ၊ ၁၁၈ း ၂၄ ကို ရွတ်ဆိုကြပါသည်။ ဤနေ့ရက်သည် ထာဝရဘုရား စီရင်သောနေ့ ဖြစ်၍ ယနေ့ ဝမ်းမြောက် ရွှင်လန်းကြပါကုန်အံ့။

ကျေးဇူးတော်သည် အံ့ဩဖွယ်ကောင်းလှပါသည်။ ခွဲစိတ်ကုသခြင်း အောင်မြင်ခဲ့သဖြင့် သမားတော်များပင် အံ့အားသင့်ခဲ့ရပါသည်။ ထိုဖြစ်စဉ်မှ ကျွန်တော်သင်ခန်းစာနှစ်ခု ရလိုက်ပါသည်။ ကျွန်တော့် အိမ်နီးချင်းသည် ရွှေကျမ်းချက်ကို လက်တွေ့ အသုံးပြုနိုင် ခဲ့ပါ၏။ ကျွန်တော်တို့၏ ဘဝတွင် ရွှေကျမ်းချက်ရှိပါသလား။ ဒုတိယအချက်သည် နေ့ရက်တိုင်းသည် ဘုရားရှင်စီရင်တော်မူသောနေ့ဖြစ်သည်ကို မမေ့မလျော့သိမှတ်ရန် အထူးလိုအပ်ပါသည်။

## ဩဂုတ်လ(၁၁)ရက်၊ ၂၀၀၆-ခုနှစ် (သောကြာနေ့)

ငါတို့သည် ယုံကြည်ခြင်းရှိ၍ဖြောင့်မတ်ရာသို့ရောက်လျှင် ငါတို့သခင်ယေရှုခရစ်အားဖြင့် ဘုရားသခင်ရှေ့တော်၌ ငြိမ်သက်ခြင်းကိုခံစားကြရ၏။ (ရောမဩဝါဒစာ၊ ၅ း ၁)

---

### ' မိနစ်နှစ်ဆယ်မျှသာ ယုံကြည်ပါ ... '

မိတာရှစ်ရာမြင့်သော ပီနန်တောင်ပေါ်သို့ တက်ကြည့်ရန် မိတ်ဆွေများက ဖိတ်ခေါ်သဖြင့် နံနက်စောစောမှာ တောင်ခြေ၌ ရထားကိုစောင့်ပါ၏။ ရထားသည် တောင်ကို အဆင်ပြေပြေ လွန်းထိုးမတက်ဘဲ မတ်စောက်သော ကမ္ဘားယံအတိုင်း ရထားလမ်းကို ပြင်ဆင်ထားရာ ကြောက်စရာကောင်းပါ၏။ အပေါ်မှဆွဲတင်သော ရေပုန်းတစ်ခုထဲမှာ လိုက်ပါရသလိုပါပဲ။ သံလိုက်မာတ်ဖြင့် ရထားသည် မတ်မတ်စောက်စောက်မောင်းတက်ရာ ပြန်များကျရင်တော့ သေပြီဟုတွေးရင်း ကြက်သီးထသွားပါ၏။ ကျွန်တော်က ကြောက်သော်လည်း ကိုယ့်ထက် ကြောက်သူက ချွေးပြိုက်ပြိုက်ကျနေရာ သူမကိုကြည့်ရင်း ကိုယ်ပါ နှလုံးသွေး ပျက်ချင်နေပါ၏။ သို့သော် သူမ၏ ဘုန်းတော်ကြီးက . .

'ဘာမှမဖြစ်ဘူး၊ မကြောက်ပါနဲ့။ ရထားလည်းကောင်းတယ်။ ရထားမောင်းသမားကလည်း ကျွမ်းကျင်တယ်။ နည်းပညာကလည်းမြင့်တယ်။ တောင်ပေါ်ကို မိနစ်နှစ်ဆယ်နဲ့ ရောက်သွားမှာ . . ' ဟု ပြောသော်လည်း ကလေးမကခေါင်းကိုခါရင်း ကြောက်တယ်ဟု ပြောရင်း ငိုပါပြီ။ ဆရာတော်က ရထားမောင်းသမားက ဘာမှမဖြစ်ဘူးလို့အာမခံတာပဲဟု ဆက်ပြောလျှင် မယုံဘူးဟု ကလေးမက ပြန်ပြောလေ၏။ ဘုန်းတော်ကြီးက ယုံလိုက်ပါ၊ အကြာကြီးမဟုတ်တောင် မိနစ်နှစ်ဆယ်ပဲယုံလိုက်။ ကဲ. . တစ်မိနစ်. . နှစ်မိနစ်. . စသည်ဖြင့်နှစ်သိမ့်ချော့မော့ရင်း မိနစ်ကို ရေတွက်ရာ တကယ်ပဲ မိနစ်နှစ်ဆယ်ပြည့်လျှင် ရထားသည် တောင်ထိပ်မှာဆိုက်ရောက်လေ၏။ ကလေးမသည် ရထားထဲမှ အမြန်ထွက်လေ၏။ တောင်ထိပ်ရှုခင်းများကဆွဲဆောင်သောအခါ ပျော်ရွှင်လျက် ခုနတုံးက ကြောက်လန့်မှုကို မေ့သွားလေသည်။ အကယ်၍များ ရထားမောင်းသမားကို မိနစ်နှစ်ဆယ်မျှ မယုံကြည်ခဲ့လျှင် မည်သူမျှ တောင်ထိပ်ကိုမရောက်နိုင်ပါ။ ယနေ့တွင် ဘုရားရှင်ကို မိနစ် ဘယ်နှမိနစ်မျှ ယုံကြည်သနည်းဟု ကိုယ့်ဘာသာပြန်၍ ဆင်ခြင်မိပါ သည်။

အကြာကြီးမဟုတ်ပါဘူးမိတ်ဆွေ။ မိနစ်နှစ်ဆယ်မျှ ယုံကြည်လိုက်သောကြောင့် အကျိုးထူး ကို ကလေးမတစ်ယောက် ရပါ၏။ တမန်တော်ဝတ္ထု၌ . . . ယုံကြည်လျှင် သင်နှင့်သင်၏ အိမ်သူအိမ်သားတို့သည် ကယ်တင်ခြင်းတို့ ရောက်ကြလိမ့်မည်ဟု ကျမ်းစာလာပါသည်။ ခဲယဉ်းသောအမှုများထဲမှ ကယ်တင်ခြင်းကို မျှော်လင့်နိုင်သောနည်းလမ်းမှာ ကိုယ်တော်ကို ယုံကြည်ခြင်းရှိဖို့သာ ဖြစ်သည်။



## ဩဂုတ်လ(၁၂)ရက်၊ ၂၀၀၆-ခုနှစ် (စနေနေ့)

ကိုယ်ခန္ဓာအသက်သည် အသွေး၌တည်၏။ သင်တို့ပြုသောအပြစ်ကိုဖြေစေခြင်းငှါ ထိုအသွေးကို သင်တို့အား ယဇ်ပလ္လင်ပေါ်မှာ ငါပေးပြီ။ (ဝတ်ပြုရာကျမ်း၊ ၁၇ း ၁၁)

---

### ' အပြစ်မှတ်တမ်းကို ဖျက်ပစ်ဖို့ .. '

နိုင်ငံရပ်ခြားတွင် ခရီးသွားစဉ် ပုသိမ်သာသနာနယ်မှ ဆရာပီတာနှင့် သွားတွေ့လေ၏။ သူက လူပျိုကြီးဖြစ်သော်လည်း ဈေးဝယ်အလွန်ဝါသနာပါ၏။ ရှိရှိသမျှကုန်တိုက်မှ ကတ်တလောက်ကို စုဆောင်းကာ ညညဆိုလျှင်သေသေချာချာ လေ့လာပြီးမှ သွားဝယ်၏။ ဈေးကလည်းဆစ်တတ်၏။ MP3 အမည်ရှိ နားကြပ်နှင့်နားထောင်ရသော သီချင်းဖွင့်စက်ကိုဝယ်လာပြီး အကျအန နားထောင်၏။ သူ၏အားပေးမှုဖြင့် အများသော မိတ်ဆွေများလည်း ဝယ်ကြ၏။ သေးငယ်သောကရိယာ ဖြစ်သော်လည်း အသံသွင်းနိုင်၏။ ပြီးတော့ ပြန်ဖျက်နိုင်၏။ ထူးဆန်းသော ကရိယာကလေးပါပဲ။

လွန်ခဲ့သော ၁၈၇၇ ခုနှစ်၊ ဩဂုတ်လ(၁၂)ရက်မှာ သောမတ်အက်ဒီဆင်သည် သူ၏ အလုပ်ခန်း၌ စမ်းသပ်မှုတစ်ခုကိုပြုခဲ့ပါသည်။ သံပြားဝိုင်းကို သံဖြူပါးပါးနှင့်ဖုံးအုပ်ထား၍ ဝင်ရိုးပေါ်တွင်ထားသည်။ ၎င်းအနီးတွင်စကားပြောခွက်တစ်ခုရှိ၏။ သူသည် စကားစ, ပြောစဉ် အထက်ပါသံပြားဝိုင်းကို လှည့်ပေးသည်။ “ မေရီ၌သိုးတစ်ကောင် ရှိသည်။ သူ့သိုးမွေးမှာ မိုးပွင့်လိုဖြူလှသည်။” သူစကားပြောစဉ် စကားပြောခွက် အတွင်းသို့ သွပ်ပြားပါးသည်တုန်ခါ၍ သံဖြူပြားပေါ်တွင် အပ်ကြောင်းရာများ ထင်လာသည်။ အခြားသောအပ်သည် သံပြားဝိုင်း၏ သံဖြူပါးပါးပေါ်တွင် တင်၍ အဝိုင်းကိုလှည့်ပေးသည်။ ထိုအခါ အက်ဒီဆင်၏ မူလစကားသံ ပြန်ထွက်လာသည်။ “မေရီ၌ သိုးတစ်ကောင် ရှိသည်။ သူ့သိုးမွေးမှာ မိုးပွင့်လိုဖြူလှသည် ။” ၎င်းသည် ပထမဦးဆုံးသော ဂရာမာဖုန်းခေါ်ခါတ်စက်ဖြစ်သည်။

ယနေ့နှစ်ပေါင်း (၁၂၉)နှစ်ကြာသောအခါ. . ဗီဒီယို၊ စီဒီ၊ ကက်ဆက်၊ အမ်ပီသရီး စသည်ဖြင့်တိုးတက်လာသော်လည်း သဘောတရားအခြေခံကတော့ အသံကို သွင်းထားခြင်းနှင့် အသံကိုပြန်ထုတ်ခြင်း၊ အသံကို ဖျက်ပစ်ခြင်း . . . မှတ်တမ်း ကရိယာသာ ဖြစ်သည်။

မောင်ဘဦးသည် လူဆိုးအပြစ်သားဖြစ်သည်. . ဟု ထည့်ထားလျှင် ပြန်မဖျက်သမျှ ထိုမှတ်တမ်းသည် တည်နေပါလိမ့်မည်။ ကောင်းကင်စာရင်းမှာ အပြစ်မရှိသူ၊ နိုင်ငံတော်ဝင်စားထိုက်သူ မောင်ဘဦးဖြစ်ဖို့ ပထမမှတ်တမ်းသည် ဖျက်ပစ်ရန်(delete) လိုပါ၏။ မည်သူဖျက်နိုင်သနည်း။ ကျွန်တော်တို့ကိုယ်တိုင် မဖျက်နိုင်ပါ။ ကျမ်းစာ၌ အသွေးမသွန်းလောင်းဘဲ အပြစ်လွတ်ခြင်းမရှိဟု လာပါသည်။ သခင်ယေရှု၏ အသွေးတော်တစ်ခုသာလျှင် အားထားရာ ဖြစ်ပါသည်။ ကိုယ်တော်၏အသွေးဖြင့်သာ ကျွန်တော်တို့၏ အပြစ်မှတ်တမ်းများ ဖျက်ပစ်နိုင်ကြောင်းကို သိမှတ်ကြပါစို့။

ငါတို့သည် ထာဝရဘုရားအိမ်တော်သို့ သွားကြကုန်အံ့ဟု သူတပါတို့သည် ပြောကြသောအခါ ငါသည် ဝမ်းမြောက်ခြင်းရှိ၏။ (ဆာလံကျမ်း၊ ၁၂၂ း ၁၁)

---

## ' ဗိမာန်တော်သို့ ... '

ဆာလံဆရာက ဘုရားသခင်၏အိမ်တော်သို့ သွားဖို့ သူတပါးကခေါ်လျှင် အလွန်ဝမ်းမြောက် ဝမ်းသာဖြစ်ရသည်ဟု ဆိုပါသည်။ ဘုရားသခင်၏ ထံတော်ရင်းသို့ တိုးဝင်ချဉ်းကပ်ရသောအခွင့် ကို သူလိုလားနှစ်သက်ပုံမှာ အတုယူစရာ ဆင်ခြင်ရန်ဖြစ်ပါသည်။ ကျွန်တော်တို့ ငယ်စဉ်က စနေနေ့ရောက်လေတိုင်း မိဘများက အချိန်ယူကာ အဘိုးအဘွား၏အိမ်သို့သွား၍ လည်ပတ်ကြပါသည်။ သွားသောအခါတိုင်း ကောင်းနိုးရာရာ အစားအစာများကို လက်ဆောင်အဖြစ် ယူဆောင်သွားပါ၏။ မြန်မာယဉ်ကျေးမှုအားဖြင့် ကန်တော့သည်သဘောလည်း ဖြစ်ပါသည်။ အဘိုးအဘွားတို့က လက်ခံယူပြီးနောက် ပြန်၍ကျွေးမွေးယုံမက အဘိုးအဘွား၏အိမ်၌ရှိသော စားဖွယ်သောက်ဖွယ်များကို ပြန်ကျွေးသဖြင့် ကျွန်တော်တို့ကလေးတစ်သိုက်(မောင်နှမဝမ်းကွဲနှစ်ဆယ်ခန့်)က ပျော်ရွှင်စွာစားသောက်ရပါ၏။ ထို့ကြောင့်လည်း စနေနေ့ကိုရောက်ပါစေဟု မျှော်လင့်ဆုတောင်းနေမိသည်။ စနေနေ့ညနေရောက်၍ အဘိုးအဘွားတို့၏အိမ်သို့ သွားကြစို့ဟု အခေါ်ခံရလျှင် အားရဝမ်းသာ ခုန်ပေါက် ပြေးလွှားကာ ဝတ်ကောင်းစားလှကို အလျှင်အမြန် လဲခဲ့သည်ကို သတိရမိပါသည်။

ဘုရားသခင်၏အိမ်တော်သို့ သွားရခြင်းမှာလည်း တကယ်တော့ ပျော်ရွှင်စရာ ဖြစ်ပါသည်။ ကျွန်တော်တို့ယူဆောင်သွားသော ပူဇော်သက္ကာသည် အနည်းငယ်မျှသာ ဖြစ်ချင်ဖြစ်ပါစေ။ဘုရားသခင်က ကျေနပ်ဝမ်းမြောက်စွာ လက်ခံယူပြီး ကျွန်တော်တို့ကို ပြန်ပေးမြဲဖြစ်ပါသည်။ ထို့အပြင် အိမ်တော်၌ သိုမှီးထားသော ကောင်းကြီးမင်္ဂလာကိုလည်း ပြန်ရပြန်ပါသည်။ ကျွန်တော်တို့ ပေးရသည်ထက် အဆသုံးဆယ်၊ အဆခြောက်ဆယ်၊ အဆတစ်ရာမက ပြန်ရပါသည်။ ထို့ပြင် တစ်ပတ်တာအတွက် ခွန်အားနှင့်ပြည့်လျက် လူတို့ကြံစည်၍ မပို့နိုင်သော ငြိမ်သက်ခြင်းကို ခံစားရပါသည်။

ဘုရားသခင်၏အိမ်တော်သို့ သွားရန် ပျင်းရိသောသူသည် ဘုရားသခင်နှင့် တစ်စထက်တစ်စ ဝေးကွာလျက် နောက်ဆုံးတွင် ယုံကြည်ခြင်း အားနည်းလာမည်ကို စိုးရိမ်စရာ ဖြစ်ပါသည်။ ဆာလံဆရာ၏ဝမ်းမြောက်ခြင်းမျိုးကို ခံစားနိုင်ရန် ဘုရားသခင်၏အိမ်တော်သို့ သွားကြဖို့ အမှန်တကယ်လိုအပ်ပါသည်။ အချို့ယုံကြည်သူများ၏ စိတ်နှလုံးတွင် စာတန်က လိမ္မာစွာလေးလံစေသောကြောင့် အိမ်စောင့်တာဝန်ကို အရယူကာ ကျန်ရစ်နေပါ၏။ အချို့ကတော့ သာရေးနာရေး လူမှုရေးကြောင့် ဘုရားရှိခိုးကျောင်းသို့ ရောက်မလာနိုင်တော့ပါ။ စင်စစ် သာရေး နာရေး လူမှုရေးသည် ဗိမာန်တော်ထက် အရေးမကြီးနိုင်ပါ။



မေတ္တာသည် ဂုဏ်ပြိုင်ခြင်း မရှိ။ ဝါကြွားခြင်း မရှိပေ။ မာန်မာန မရှိ မလျော်ပတ်စွာ မကျင့်တတ်။ ကိုယ်အကျိုးကို မရှာတတ်။ (ကောရိန်သုဩဝါဒစာ ပထမစောင်၊ ၁၃ း ၄-၅)

---

## ' မေတ္တာသည်သာ ... '

ဇူလိုင်လ(၃)ရက်နေ့နံနက်မှာ ကြေးမုံသတင်းစာကို သတင်းစာပို့သူက တံခါးကြားမှာ ညှပ်ထားသဖြင့် နေ့ခင်းရောက်မှ ဖတ်ဖြစ်သည်။ သတင်းစာကိုဖြန့်လျှင် ပထမရှေ့စာမျက်နှာမှာပဲ သမ္မာကျမ်းစာ နှုတ်ကပတ်တော်ကို အံ့ဩဖွယ် တွေ့ရပါသည်။ မေတ္တာသည်ဟု အစချီ၍ ကောရိန်သုဩဝါဒစာပါ ကျမ်းချက်ကို စာလုံးအနက်ဖြင့် ထင်ရှားစွာ တွေ့မြင်ရပါ၏။ ကျေးဇူးတော် ကို ချီးမွမ်းပါသည်။ ပြည်ထောင်စုအနှံ့အပြားမှ ညီအစ်ကို ဆွေမျိုးသားချင်းများအားလုံး နှုတ်ကပတ်တရားကို ဖတ်ကြားနှလုံးသွင်းခွင့်ရသောကြောင့် ဝမ်းမြောက်စွာ ကျေးဇူးတော်ချီးမွမ်းရင်း မေတ္တာအကြောင်းကို ဆင်ခြင်မိပါ၏။

ကျွန်တော့်မိတ်ဆွေ ဦးစန်းလွင်တို့မှာ သားတစ်ယောက်ရှိပါ၏။ သူ့သား၏ချစ်သူက အိန္ဒိယအမျိုးသမီး အမာစိန် ဖြစ်ပါ၏။ လူမျိုးရေးတံတိုင်း ဘာသာရေးတံတိုင်းကြောင့် မိဘများက သဘောမတူပါ။ ယောက်ျားကလေးသည် နာတာရှည်ရောဂါဖြစ်လာ၍ အခြေအနေဆိုးလျှင် အမာစိန်သည် အပြောအဆိုအရိုက်အပုတ်ခံပြီး ချစ်သူကို ပြုစုခဲ့ပါသည်။ တိုတိုပြောရလျှင် (၁)နှစ်တာကာလအတွင်းမှာ ချစ်သူသည် ဆုံးပါးကွယ်လွန်ခဲ့၏။ အမာစိန်သည် ချစ်သူကို ကောင်းစွာ နှုတ်ဆက်ခွင့် မရသော်လည်း ပြုစုခဲ့ရသမျှအတွက် ကျေနပ်ရုံမက ချစ်သူမရှိလျှင်လည်း ချစ်သူ၏မိဘများကို ရင်းနှီးခင်မင်ဆဲရှိပါ၏။ လိုအပ်သမျှ သွားရောက်ကူညီကာ အစေခံဆဲ ရှိပါသည်။ သူမ၏မိဘများက မည်သို့ဆိုဆို ခံယူ၍ ချစ်သူ၏ မိဘမောင်နှမဆွေမျိုးများကို သွား၍ပြုစုရာ ကာလကြာလျှင် ဦးစန်းလွင်တို့ခမျာ အမာစိန်နှင့်ငါ့သားကို ဟိုတုန်းကသဘောမတူခဲ့တာ မှားလေခြင်းဟု နောင်တရကြပါ၏။ အမာစိန်၏ မေတ္တာကြီးကြီးနှင့် ဖိထားခြင်းကိုခံရလျှင် အတော်ပင်ဝမ်းနည်းလျက် နောက်ဆုံးတွင် သမီးရင်းနှင့်မခြားသဘောထားလျက် ဆက်၍မိတ်သဟာယ ဖွဲ့နိုင်ပါသည်။

အမာစိန်၏ မေတ္တာသည် ကိုယ်ကျိုးမပါ။ စိတ်ရှည်ပါ၏။ မာန်လုံးဝမရှိ။ ကျေးဇူးပြုတတ်၏။ သမ္မာကျမ်းစာသွန်သင်ချက်နှင့် ကိုက်ညီသဖြင့် သူမကိုတွေ့လျှင် တကယ်ပင် 'မေတ္တာ' ဆိုသော သဘောကို သင်ယူမိပါ၏။ မေတ္တာဖြင့် . . . ဟု ပြောပြောနေသော်လည်း မေတ္တာစစ်ဖြစ်ဖို့ရန်မှာ အခြေခံအချက်များစွာ လိုအပ်ပါသည်။ မေတ္တာစင်စစ်ကို ရရန် မလွယ်သလို မေတ္တာစင်စစ်ကို ပေးနိုင်ရန်ခက်ခဲပါသည်။ သို့သော် . . . မေတ္တာသည်သာ ထာဝရတည်မြဲသောအရာ ဘုရားရှင်၏ လက္ခဏာဖြစ်ကြောင်းကို သိမှတ်ကြပါစို့။

## ဩဂုတ်လ(၁၅)ရက်၊ ၂၀၀၆–ခုနှစ် (အင်္ဂါနေ့)

အဘယ့်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည် အပြစ်နှင့် ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူ ဖြစ်စေတော်မူ၏။
(ကောရိန္သုဩဝါဒစာ ဒုတိယစောင်၊ ၅ း ၂၁ )

---

### ' ငါတို့အတွက်ကြောင့် ... '

ဩဂုတ်လ(၁၅)ရက်သည် နပိုလီယံဘိုနာပတ်၏မွေးနေ့ ဖြစ်ပါသည်။ ၁၈၀၆-ခုနှစ်တွင် သူ၏(၃၇)နှစ်မြောက်မွေးနေ့၌ အကြီးမားဆုံးကျောက်တိုင် **(Arc De Triomphe)**ကို စစ်နိုင်သော အထိမ်းအမှတ်အဖြစ် တည်ဆောက်ရန် အုတ်မြစ်ချခဲ့ပါသည်။ ပြင်သစ်ပြည်တော်လှန်ရေးစစ်သည် သူရဲကောင်းများကို ဂုဏ်ပြုသောကျောက်တိုင်သည် ပေ(၁၆၀)မြင့်ပါ၏။ အကျယ်(၁၄၇)ပေနှင့် ခါးလည်(၄၈)ပေ ရှိကာ အထပ်(၁၅)ထပ်မြင့်သော ဤကျောက်တိုင်အောက်မှ စစ်အောင်နိုင်သော တပ်မများ ချီတက်ခဲ့ဖူးပါသည်။

ပြင်သစ်ပြည်သမိုင်းတွင် ခမ်းနားသည့်စစ်ရေးပြပွဲကြီးကို ပထမကမ္ဘာစစ်ပြီးသောနေ့က ကျင်းပခဲ့ပါသည်။ ထိုနေ့တွင် စစ်သည်နှစ်သောင်းခန့်က ကျောက်တိုင်အောက်မှ ချီတက်သွားကြပါသည်။ ကျောက်တိုင်၏ ခါးလယ်တွင် သီချင်းသည်များက သံပြိုင်ဆို၍ . . .

' သင်သည် ဤအောင်မြင်ရာကျောက်တိုင်သို့ ထိုက်တန်စွာ လာဖို့ ဘယ်လိုအောင်မြင်မှုကို ရရှိခဲ့သနည်း 'ဟု မေးပါ၏။ ထိုအခါ စစ်သည်များက သံပြိုင်ပြန်၍ တစ်ရသည်မှာ . . . 'ဗာဒွန်း**(Verdun)**တိုက်ပွဲ၏ သွေးစွန်းသောအလံကို ချီ၍ လာသည်. . . 'ဟူ၍ ဖြစ်ပါသည်။ ထိုနောက်တွင် ဆက်လက်၍ အောင်ပွဲခံစင်မြင့်ဆီသို့ ချီတက်သွားရလေ၏။

တစ်နေ့နေ့တွင် လောကအသက်တာ နိဂုံးချုပ်လျှင် ကျွန်တော်တို့သည် ခမ်းနားကြီးကျယ်သော ကောင်းကင်တံခါးကို ဖြတ်သန်းသွားလာကြရပါလိမ့်မည်။ ယေရှုရှလင်မြို့တော်သစ်၏ ဖန်ရေကန်ရှေ့သို့ ချီတက်ကြရမည်။ ပုလဲတံခါးများ အသီးသီးပွင့်၍ သခင်ခရစ်တော်ကိုယ်တိုင် ကြိုဆိုလိမ့်မည်ကို တွေးတောမိပါသလား။ ဤလောက၌ ဝိညာဉ်ရေးရာအားဖြင့် အောင်မြင်သောသူတို့သည် ပုလဲတံခါးအောက်မှ ဖြတ်သန်း၍ မြို့တော်သစ်သို့ ဝင်စားကြရမည်။ ကောင်းကင်တမန်များက သီချင်းဆို၍ . . .

' သန့်ရှင်းသောမြို့တော်သို့ဝင်ဖို့ရန် ထိုက်တန်သောကောင်းမှု ဘယ်လိုပြုခဲ့သလဲ. . . ' ဟု မေးသောအခါ ဖြေစရာစကားဝှက်မှာ တစ်ခွန်းသာ ရှိပါ၏။ ' ကရာနီတောင်ပေါ်မှ သွေးစွန်းသော အလံတော်ဖြစ်ပါသည် 'ဟု ပြန်၍ ပြောယုံပါပဲ။ ကိုယ်တော်၏ အသေခံမှုကြောင့်သာ ကျွန်တော်တို့ သည် သန့်ရှင်းရာဌာနသို့ ဝင်ခွင့်ရမည်ဖြစ်ပါသည်။ ကရာနီ၏ ကျေးဇူးတော်သည် ငါတို့၌ ကြီးမားလှပါ၏။ **Thank God for Calvary . .** ကရာနီအတွက် ဘုရားသခင်ကိုကျေးဇူး တင်ကြပါစို့။



## ဩဂုတ်လ(၁၆)ရက်၊ ၂၀၀၆–ခုနှစ် (ဗုဒ္ဓဟူးနေ့)

ထာဝရဘုရားသည် အမှုရောက်သောအခါ ရဲတိုက်ဖြစ်တော်မူ၏။ ခိုလှုံသောသူတို့ကို သိမှတ်တော်မူ၏။ (နာဟုန်အနာဂတ္တိကျမ်း၊ ၁ း ၆)

---

### ' လက်မတင်ကလေး ... '

မလေးရှားနိုင်ငံသတင်းစာထဲမှာ ဖတ်ရသောအကြောင်းကား သဲထိတ်ရင်ဖိုဖြစ်ပါသည်။ ဘောလုံးပွဲကြည့်၍ အိပ်ချင်မူးတူးဖြင့် အလုပ်သွားရန် ပြေးလာသောသူသည် ဓါတ်လှေကားတံခါး ပွင့်လျှင် ဝင်လိုက်ရာ ထိုနေရာမှာ ဓါတ်လှေကားအိမ်မရှိ၊ သို့သော် ခြေက ကျွံပြီဆိုတော့ မတတ်နိုင် ဝုန်းကနဲ ပြုတ်ကျရာ အောက်အထိရောက်လျှင် ဒိုင်းကနဲ အသက်ပျောက်လေ၏။ နည်းပညာ ချို့ယွင်းမှုကလေးကြောင့် မတော်တဆသေမှုသေခင်းဖြစ်ပါသည်။ ကံထရိုက်ကို တရားစွဲသောအမှုကိုဖတ်ရင်း ငယ်စဉ်ကအဖြစ်ကို သတိရလေသည်။

စာရေးဆရာဖြစ်အောင်လုပ်မယ်ဆိုပြီး မြို့တက်လာသော ကျွန်တော်သည် သူငယ်ချင်းပန်းချီဆရာလောင်းနှင့် ရန်ကုန်မှာ ခြေတိုအောင် ဗဟုသုတအတွေ့အကြုံကို ဆည်းပူးနေရင်း တစ်နေ့တွင် အပေါ့အပါးသွားချင်ရာ တိုက်အိုတစ်ခုထဲသို့ ဝင်ခဲ့ဖူးပါ၏။ ဂလိုင်အခေါင်းတစ်ခုမှ ကျင်းငယ်ကိုတွေ့ရာ ဒီနေရာတော့ ချောင်လည်းကျ လူမမြင်ဘူးဟုဆိုကာ အပေါ့စွန့်လေ၏။ ဝူးကနဲ အသံကြားရာ မှောင်အကြည့်တွင် အပေါ်မှ သေတ္တာတစ်လုံးဆင်းလာ၏။ မြန်သောအရှိန်ဖြစ်ရာ သူငယ်ချင်းက ဓါတ်လှေကားနဲ့တူတယ်ကွ ဟု အော်ရင်း ပြေးလေ၏။ ကျွန်တော်လည်း ' ဘုရားရေ' ဟု ထိတ်လန့်စွာအော်ရင်း ကျင်းထဲမှ ခုန်တက်ရာ တစ်ချက်ထဲနှင့် လွတ်လေ၏။ ကျွန်တော်လည်း အပြင်ထွက်၊ ခုနနေခဲ့သောနေရာမှာ ဂျိုင်းကနဲ ဓါတ်လှေကားအရောက် ကွက်တိပါပဲ။ တစ်စက္ကန့်၏ အပုံတစ်ရာပုံ တစ်ပုံပဲ ရှိမည့်အချိန်ဖြစ်၍ အလွန်ထိတ်လန့်ကာ ကြောက်လွန်းသဖြင့် မေ့သွားရာ တစ်ပတ်မျှ ဆေးကုရစါ၏။ နှလုံးခါသွားတာဟု ဆေးဆရာကပြောပါသည်။ သူငယ်ချင်းက ဘုရားကယ်လို့ဟေ့၊ မဟုတ်ရင် နှလုံးခါရုံမကဘူး၊ ငါတို့ ပြားချပ်ချပ်ကြီးဖြစ်ကုန်မှာ ဟု တုန်တုန် ယင်ယင် ဝန်ခံပါသည်။ လက်မတင်ကလေး . . . ပါပဲ။ အကယ်၍ ထိုနေ့က ပြားချပ်ချပ် ဖြစ်သွားခဲ့လျှင် စာရေးဆရာလည်း ဖြစ်မလာနိုင်တော့ပါ။

ဘုရားသခင်သည် ကျွန်တော်တို့၏အသက်တာမှာ လက်မတင်ကလေး ကာကွယ်နိုင်ခဲ့သောသက်သေ အများအပြားရှိပါသည်။ ကိုယ်တော်၏ကရုဏာသည် မသေငယ်သလိုလက်တော်လည်း မတိုပါ။ အမှုရောက်သောအခါ ရဲတိုက်သဖွယ် ခိုင်ခံ့၍ ခိုလှုံရာ ဖြစ်ပါသည်။ ကယ်မတော်မူခြင်း ကို တစ်ခုပြီးတစ်ခု ပြန်လည်ရေတွက်လျှင် ပြုတော်မူသော ကျေးဇူးတော်ကို အံ့ဩလိမ့်မည်။ ယခုလည်း ကယ်တင်ရန် အဆင်သင့်ရှိပါ၏။ နောက်ဆုံးအချိန်အထိ ကိုယ်တော်ကို မျှော်လင့်ခွင့် ရှိပါသည်။

## ဩဂုတ်လ(၁၇)ရက်၊ ၂၀၀၆–ခုနှစ် (ကြာသပတေးနေ့)

ထာဝရဘုရား၌ မွေ့လျော်ခြင်း ရှိလော့။ စိတ်နှလုံးအလို ပြည့်စုံသောအခွင့်ကို ပေးတော်မူမည်။ (ဆာလံကျမ်း၊ ၃၇ း ၄ )

---

### ' အပြာရောင် မိုးကောင်းကင်အောက်မှာ ... '

ကချင်ဆရာမကလေး ခေါန်လွမ်းသည် ကိုးရိုးယားဇာတ်ကားထဲမှ မင်းသမီး ဆောင်ယောင်းနှင့် တူပါ၍ ပါးဖောင်းဖောင်းနှင့် ချစ်စရာကောင်းပါသည်။ ကွမ်းဖိုးနှင့် မေတ္တာများစွာကို လက်ခံယူလျက် ချစ်သူကိုလက်ထပ်ယူပြီးနောက် သာယာသော အိမ်ထောင်ရေးကို တည်ဆောက်နိုင်ခဲ့ပါသည်။ သို့သော် သူ၏ရင်သွေးကို လွယ်ရစဉ် ကာလမှာ ခင်ပွန်းသည်သည် တစ်ပြည်တစ်ရွာမှာ ဥစ္စာစီးပွား သွားရှာလေသည်။ ခင်ပွန်းသည် မရှိသော်လည်း သူမသည် အားငယ်တန်မရှိ။ ရှင်လန်းဝမ်းမြောက်စွာ စားသောက်လေ၏။ သူများ တစ်ပန်းကန်စားလျှင် သူမက ကလေးအတွက် ဆိုပြီး နှစ်ပန်းကန်စား၏။ သူများ တစ်ပုလင်းသောက်လျှင် သူမက ကလေးအတွက်ဆိုပြီး နှစ်ပုလင်းသောက်လေ၏။ ဘာပဲစားစား ဘာပဲသောက်သောက် ကလေးအတွက်ဟုဆိုကာ ပိုပိုသာသာ စားသောက်သောအခါ သူမနှင့် မိတ်သဟာယဖွဲ့ စားသောက်ရတာ ပျော်ရွှင်ဖွယ်ရာ ဖြစ်ပါသည်။

တစ်နေ့တော့ သူမကို မေးကြည့်မိပါသည်။ ဆရာမခင်ပွန်းသည်က အဝေးကြီးမှာ ဆိုတော့ ကိုယ်ဝန်ဆောင်ရတာ အားမငယ်ဘူးလား၊ မွေးဖွားတဲ့အခါ သတိမရဘူးလား၊ သူ့ကို မရှိစေချင်ဘူးလားဟု စပ်စုမိပါသည်။ တကယ်တော့ ကျွန်တော်က ခေတ်မမှီတာလည်း ဖြစ်မှာပေါ့။ သူမက ပြုံးပြုံးနှင့် ခေါင်းခါ၍. . ဆရာကလည်း အဝေးကြီး မဟုတ်ပါဘူး။ မိုးကောင်းကင်အောက် မြေကြီးပေါ်မှာပဲ ရှိနေတာပါ။ လာမယ်ဆိုရင် လေယာဉ်ပျံစီးပြီး တစ်နေ့တည်း လာနိုင်တာပဲ။စိတ်ပျက်စရာ မရှိပါဘူး။ ကျွန်မတို့က အပြာရောင်မိုးကောင်းကင် တစ်ခုတည်းအောက်မှာ အတူတူနေရတာပဲ။ ပြီးတော့ အားငယ်စရာမလိုပါဘူးလေ။ ဘုရားသခင်က ကြည့်ရှုစောင်မမှာပဲ။ခင်ပွန်းသည်ရှိနေတာကို သိတယ်။ သူ ကျွန်မကိုသတိရနေတာကိုလည်း သိတယ်။ သူ ကျွန်မကို ချစ်တာကိုလည်း သိတယ်။ ကျွန်မတို့ရဲ့ရင်သွေးအတွက် သူဆုတောင်းနေမှာကိုလည်း သိတာပဲ ဆရာရယ်ဟု ပြောလျှင် မေးမိသော ကိုယ့်ပါးစပ်ကိုပင် လှီးထုတ်ရမလို ဖြစ်သွားပါ၏။ တကယ်တော့ ခင်ပွန်းကို အသေအချာယုံကြည်သူအတွက် အားငယ်စရာ ဘယ်ရှိလိမ့်မတုံး။

ကျွန်တော်တို့ကို ဘုရားသခင်ချစ်သည်ဟု သိခဲ့ရင်၊ ကျွန်တော်တို့ကို ဘုရားရှင် သတိရလျက် လမ်းပြပို့ဆောင်တာကိုသိခဲ့ရင်၊ ဘုရားသခင် သေသေချာချာရှိတယ်လို့ သိခဲ့ကြရင် . . . ကျွန်တော်တို့ အားငယ်မှာ မဟုတ်ပါ။ စိတ်ဓါတ်ကျခြင်း၊ အားလျော့ခြင်း၊ ညီးတွားခြင်းအားလုံးကို ဘဝထဲမှာ ဖယ်ရှားနိုင်တဲ့အရာကတော့ " ဘုရားရှင်ရှိတယ် ဘုရားရှင်သိတယ် " ဆိုသော ဝိဉာဉ်ရေး စကားနှစ်ခွန်းပါပဲ။



## ဩဂုတ်လ (၁၈) ရက်၊ ၂၀၀၆ ခုနှစ် (သောကြာနေ့)

အကျွန်ုပ်ပြောသောစကားနှင့် စိတ်နှလုံးအကြံအစည်သည် ရှေ့တော်၌ နှစ်သက်ဖွယ်ဖြစ်ပါစေသော၊ အိုး. . . ထာဝရဘုရား အကျွန်ုပ်ကို ရွေးနှုတ်တော်မူသောဘုရား။

(ဆာလံကျမ်း၊ ၁၉း၁၄)

---

### " နှစ်သက်ဖွယ် ... "

. . ညစဉ်ခွန်အားစာစောင်ကို သမီး နေခြည်နွေးနွေးက သူမကျောင်းအားသောနေ့တွင် လိုက်လံဖြန့်ချီ ပေးပါသည်။ တစ်ခါတရံ ချွေးမဖြစ်သူ ကြည်ကြည်စိုးက ဖြန့်ပေးပါသည်။ အချို့ရက်များတွင် သမီးယောင်းမနှစ်ယောက်အတူသွားကြပါသည်။ သမီးက ကျောင်းဆရာမပေါက်စဖြစ်၍ သူ့အမေက အိန္ဒြေကြီးသော အဝတ်များကိုသာ ဝတ်ဆင်စေရာ သူမ၏ အသက်ထက်ပို၍ တည်ငြိမ်ရာတွေ့ဆုံသောသူများက အသက်တော်တော်ရပြီဟု အောက်မေ့ပါသည်။ ချွေးမကျတော့ ကလေးတစ်ယောက် မိခင်ဖြစ်သော်လည်း ကိုရီးယား မင်းသမီးများလို လှလှပပဝတ်ဆင်ခွင့်ရပါ၏။ အလုပ်အကိုင် အချုပ်အနှောင်မရှိသဖြင့် ပေါ့ပါးသွက်လက်ရာရှိရင်း အသက်ထက်နုပျိုပါသည်။ တစ်နေ့တွင် . . . သူမတို့၏ ခင်မင်သောမိတ်ဆွေ အန်တီနှင့်တွေ့ရာ အန်တီက အသက်နည်းနည်းကြီးပြီမို့ လူကြီးစကား သတိပေးမှု ပြုပါ၏။ သမီးကို ကြည့်ကာ. . .

အိမ်ထောင်မပြုသေးဘူးလား။ ဟိုင်းသွားတော့မယ်ဟု ပြောပါ၏။ ပြီးမှ. . . စိတ်တော့ မလျှော့နဲ့ကွယ်။ ခုတလော. . . လက်ထပ်ကြတဲ့သူတွေက သုံးဆယ်ကျော်များပါတယ်။ သမီး အဖေက မစပ်ပေးဘူးနဲ့ တူပါတယ်. . . ဟု ပြောရာ၊ နှစ်ဆယ်စွန်းစွန်း ဆရာမကလေး အတော်စိတ်ညစ်သွားပါ၏။ သမီးအသက် ဘယ်လောက်ရှိမယ်လို့ အန်တီခန့်မှန်းသလဲဟု မေးသောအခါ သုံးဆယ်ကျော်ရောပေါ့. . . ဟု ရိုးသားစွာ ထင်သည့်အတိုင်း ပြောလျှင် ချက်ခြင်းပင် နေခြည်နွေးနွေးခမျာစကားအသွားလေ၏။ တစ်ခါ. . ချွေးမကို ကြည့်ကာ. . သမီးကတော့ ရွေးဖို့ အချိန်ရှိသေးတယ်၊ ထမ်းပိုးညီတာ ရွေးဟု အကြံပေးလေ၏။ ချွေးမက သမီးကလေး ရပြီ အန်တီရဲ့။ ကလေးက မူကြိုတောင်တက်နေပြီဟု ဆိုလျှင်။ အန်တီက ဟုတ်လား၊ ဒီကောင်မလေး တော်တော်ဆိုးတာပဲ။ (၁၅)နှစ်အရွယ်နဲ့များ အိမ်ထောင်ကျနေရသလားဟုဆိုလျှင် ချွေးမခမျာလည်း ပြန်ပြောစရာမရှိ၊ ဟိဟိ. . . ဟုသာ ရှက်ရှက်နဲ့ ငြိမ်နေရလေ၏။ ထိုနေ့က သမီးယောင်းမနှစ်ယောက်. . . အိမ်ရောက်သည့်အထိ မပြုံးနိုင်တော့ပါ။

တကယ်တော့. . . အန်တီမှာ မှတ်ချက်ချခွင့်ရှိပါ၏။ မိန်းကလေးများကလည်း ကြိုက်သလိုနေနိုင်ပါသည်။ နေသောအပေါ်မှာ မှတ်ချက်တစ်ခုဖြစ်ပေါ်လာပါသည်။ ကျွန်တော်တို့ အသက်တာ၌ နေထိုင်မှုစတိုင်လ်ကိုသာ ရွေးချယ်ခွင့်ရှိသည် မဟုတ်။ ဘုရားသခင်အရာရာ၌ ဆုံးဖြတ်ခွင့်ပေးထားရာ မည်ကဲ့သို့ အသက်ရှင်နေထိုင်လိုပါသလဲ။ ရွေးချယ်နိုင်ပါ၏။ ကိုယ့်ရွေးချယ်မှုအားဖြင့်သာ 'မှတ်ချက်' တစ်ခုဖြစ်လာပါလိမ့်မည်။ ကျွန်တော်တို့၏ ရွေးချယ်မှုများသည် ၎င်းတို့ဖြတ်မှု အားလုံးသည် ၎င်းဘုရားသခင်ရှေ့တော်၌ နှစ်သက်ဖွယ်မှတ်ချက်များ ဖြစ်ဖို့တော့ လိုအပ်ပါသည်။

**ဩဂုတ်လ (၁၉) ရက်၊ ၂၀၀၆ ခုနှစ် (စနေနေ့)**

အိုဘုရားသခင်၊ အကျွန်ုပ်၌ ကိုယ်တော်၏ အကြံအစည်တို့သည် အလွန်ထူးဆန်းကြပါ၏။ အလွန်များပြားကြ၏။ (ဆာလံကျမ်း ၁၃၉း၁၇)

## "ကိုယ်တော်၏အကြံအစည် ..."

ဆူနာမီလှိုင်းဒဏ်သင့်ခဲ့သော မလေးရှားကျွန်း၏ ကမ်းရိုးတန်းများဆီသို့ ကျွန်တော်တို့ လေ့လာရေးခရီး သွားခဲ့ပါသည်။ အချို့ကျေးရွာများ၌. . . ယခုထိတိုင် ပျက်စီးမှု၏ ဒဏ်ရာဒဏ်ချက်များမပျောက်သေး။ ပုတ်စော်နံ့လျက်၊ ဖရိုဖရဲဖြစ်လျက်၊ မြစ်ချောင်းနှင့် ရေများ ညစ်ညမ်းလျက်ရှိသေး၏။ မနီးမဝေး အချို့သောဒေသများ၌ကား ရွာမဟုတ်။ နည်းပါးစွာထိခိုက်လျက် ပြန်လည်ထူထောင်နိုင်ပါပြီ။ ဆူနာမီက တစ်ဒေသထဲမှာ ဟိုမှာတော့ အရမ်းပျက်စီးအောင် ဒီမှာတော့ သက်သာအောင်လုပ်လည်း လုပ်နိုင်တယ်ဟု တစ်ယောက်ပြောလျှင် ဒေသခံက မဟုတ်သေးဘူး။ ဆူနာမီက အတူတူပဲ. . . ရိုက်ခတ်တာပဲ။ ဒီရွာက သက်သာတာ လမုပင်တွေရှိလို့ဟု ရှင်းပြပါသည်။ သေးငယ်သော်လည်း အမြစ်များစွာ၊ အကိုင်းများစွာ၊ အရွက်များစွာရှိသော လမုပင်များသည် ကမ်းရိုးတန်းတစ်လျှောက် ထူထပ်စွာပေါက်နေသော်လည်း တန်ဖိုးရှိသော အကာအကွယ်အဖြစ် ဘုရားသခင်နေရာချထားပေးမှန်း မသိကြပါ။ လောဘကြီးသောရွာသားများက အကုန်ခုတ်၍ မီးသွေးဖုတ်လေ၏။ အချို့က အမှိုက်တွေ၊ ရှုတ်တယ်ဟု အောက်မေ့ကာ ရှင်းလင်းပစ်ပြီး ခေတ်မီကမ်းခြေ ပြုလုပ်ကာ ဟော်တယ်ဆောက်၍ အပန်းဖြေစခန်းလုပ်ပြီး စီးပွားရှာ၏။ အချို့က. . . ကော်နှင့်တိုးကာ ပုဇွန်ကန်တူးပစ်ပြီး မွေးမြူရေးလုပ်ကြသည်။ လူတို့၏ စိတ်ကူးစိတ်သန်းနှင့် အကြံဉာဏ်၊ လောဘစသည့်တို့ဖြင့် သေးငယ်သော လမုတောများ ကွယ်ပျောက်ကာ လှပသောဖွံ့ဖြိုးသော တိုးတက်သော ဒေသဖြစ်လာပါ၏။ သို့သော် ဆူနာမီလှိုင်းရိုက်ခတ်သောအခါ ခဏချင်းမှာ အရှင်းကွယ်ပျောက်လေ၏။

လမုတောများကို ရှင်းပစ်ဖို့ရန် မတတ်နိုင်သောရွာများကျတော့ လှိုင်းရိုက်သောအခါ လမုပင်များစွာက အရင်ခံထားသည်။ ဆူနာမီသည် ရှုတ်ရှုတ်ထွေးထွေး လမုပင်များကို အမြစ်ကျွတ်အောင် မတိုက်နိုင်ပါ။ အားလျော့လာမှ လူတွေဆီရောက်လျှင် ရွာသားများ သက်သာရာရလေ၏။ အံ့ဩစရာကောင်းပါသည်။ သေးငယ်၍ အထင်ကြီးစရာ လုံးဝမရှိသော လမုပင်တန်းကို ကမ္ဘာဦးကပင် ပင်လယ်ကမ်းစပ်မှာ ဘုရားသခင် တပ်ချစီမံထားပါသည်။

တစ်ပတ်တစ်ခါ ဘုရားကျောင်းသွားတာ ဘာလုပ်နိုင်မှာလဲ။ တစ်နေ့မှာ တစ်ကြိမ်ကျမ်းစာဖတ်တာ ဘာဖြစ်လာမှာလဲ. . . ဟု အထင်သေးစွာ ဝေဖန်သောသူတို့၏ စကားကို နားမယောင်ပါနှင့်။ သေးငယ်၍ အရေးမကြီးသော အမှုဟု မိုက်သောသူများက အောက်မေ့သောအရာသည် လောက၏ ခဲယဉ်းခြင်းများ ကာကွယ်ထားသောဘုရားသခင် အစီအမံဖြစ်ပါသည်။ လမုပင်ငယ်များနှင့် ဆူနာမီဖြစ်စဉ်ကို ဆင်ခြင်ကြပါစို့။ သမ္မာတရားအတိုင်း နေထိုင်ခြင်းက ဘေးကင်းရန်ကွာ လွန်ချမ်းသာ ဖြစ်စေပါ၏။



**ဩဂုတ်လ (၂၀)ရက်၊ ၂၀၀၆ ခုနှစ် (တနင်္ဂနွေနေ့)**

ငါတို့သည် အားမလျော့၊ စိတ်မပျက်ဘဲ၊ ကောင်းသောအကျင့်ကို ကျင့်ကြကုန်အံ့။ ထိုသို့ တည်ကြည်၍ ကျင့်လျှင် အချိန်တန်သောကာလ၌ အသီးအနှံကို ရိတ်ရလိမ့်မည်။ (ဂလာတိဩဝါဒစာ၊ ၆း၉)

## "တာဝန်သိသိ ..."

'ကင်းနက်တေလာ'ဆိုသော ပုဂ္ဂိုလ်ကြီးသည် သက်ဝင်ကျမ်း Living Bibk ကို (၁၆)နှစ်တိုင်တိုင် ဘုရားသခင်ခိုင်းသော အလုပ်ဟု သဘောထားလက်ခံကာ ပြန်လည်ပြုစုရေးသားခဲ့ပါ၏။ လူအများလွယ်လွယ်ကူကူ နားလည်နိုင်စေဖို့ နေ့စဉ်သုံးအင်္ဂလိပ်စာဖြင့် ပြန်ရေးရသော ထို (၁၆)နှစ်ကြာ အလုပ်ပြီးလျှင် မျက်နှာမရပဲ ထုတ်ဝေသူများ၏ ငြင်းပယ်ခြင်းကို ခံရလေသည်။ သို့သော် သူသည်စိတ်မပျက် အားမလျော့ပဲ တစ်နေ့တွင် ဘုရားသခင်ကောင်းကြီးပေးလိမ့်မည်ဟု ယုံကြည်ကာ ဒေါ်လာငွေ (၁၆၀၀၀)ကို ချေးယူပြီး ကိုယ်တိုင်ပုံနှိပ်ထုတ်ဝေလေသည်။ နောက်ဆုံးတွင် ဘုရားသခင်အပေါ် သစ္စာရှိမှု၊ လုံ့လဝီရိယနှင့် ဇွဲထက်သန်မှုကြောင့် သူ့အလုပ်ကို ဘုရားသခင်ကကောင်းကြီးပေးခဲ့ပါသည်။ ၁၉၇၁ခုနှစ်မှစ၍ (၅)နှစ်အတွင်း သက်ဝင်ကျမ်း (၁၄)သန်းကျော်မျှ ရောင်းချရ၍ နေရာအနှံ့အပြားမှာ အကျိုးကျေးဇူးများခဲ့ပါသည်။ ကျေးဇူးတော်ကို ခံစားရ၍ ဘုရားပေးတာဝန်ကို ကျေပွန်သူဟု ဂုဏ်ယူနိုင်ခဲ့ပါ၏။

ရှင်ပေါလုသည် ကနဦးအသင်းတော်ကာလ၌ ဒုက္ခများစွာ ကို ခံစားခဲ့ရပါသည်။ စိတ်ပျက်စရာအမျိုးမျိုးကို ကြိုးစား၍ တိုက်လှန်ခဲ့ရပါ၏။ အကျဉ်းခံရခြင်း၊ ဝေဒနာခံရခြင်းသာမက၊ နောက်ဆုံးအသေသတ်ခြင်းကို ခံရပြီး ဘုရားပေးတာဝန်ကို ကျေပွန်စွာ၊ သစ္စာရှိရှိနှင့် ဆောင်ရွက်သွားခဲ့ပါသည်။ သူသည် နောက်မဆုတ်။ တာဝန်ကို ဒူးမထောက်။ ရှေ့သို့သာတိုး၍ ဆောင်ရွက်ခဲ့သောကြောင့် ထောင်ပေါင်းများစွာသော သူတို့သည် ခရစ်တော်နှင့် တွေ့ဆုံရကာ၊ ယုံကြည်ခြင်းသို့ရောက်ကြ၏။ ကျွန်တော်တို့သည် ရှင်ပေါလုဟောကြားသော တရားဒေသနာကို ယနေ့တိုင် ကြားနာနေရဆဲ ဖြစ်ပါ၏။

ကျွန်တော်တို့၏ ဘဝတွင် ဘုရားသခင်စီမံခန့်ခွဲပေးသော တာဝန်ကိုယ်စီရှိပါ၏။ အိမ်ထောင်များတွင် နေရာအသီးသီး၊ တာဝန်အသီးသီး ခွဲဝေယူကြရပါသည်။ အိမ်သားတိုင်း တာဝန်သိသိနှင့် ဆောင်ရွက်ကြပါမှ အိမ်ထောင်သည် ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာကို ရနိုင်ပါလိမ့်မည်။ ထိုနည်းတူစွာပင်. . . အသင်းတော်များ၌လည်း ဘုရားသခင်စီမံခန့်ခွဲသော တာဝန်အသီးသီးကို အသင်းဝင်သူများ ကျေပွန်ပါမှ ဘုရားသခင်ကောင်းကြီးပေးသော အသင်းတော် ဖြစ်လာပါလိမ့်မည်။

ထာဝရဘုရားက ငါသည် အဦးဆုံးသောသူ၊ နောက်ဆုံးသောသူဖြစ်၏။ ငါမှ
တပါး အခြားဘုရားမရှိ။ (ဟေရှာယအနာဂတ္တိကျမ်း၊ ၄၄း၈)

## "နန်းတွင်းရတနာ ..."

အလွန်ငယ်သော ချေးမကလေးသည် ဝတုတ်တုတ်သားကို မွေးဖွားခဲ့သည်မှာ တစ်နှစ်ခန့်ကြာခဲ့ပါပြီ။ တစ်နှစ်အတောအတွင်းမှာ ကလေးသည် အစားအစာများကို ကောင်းကောင်းစားနိုင်၍ ကြီးထွားလာရာ မိခင်ဖြစ်သူခမျာ သူ့ကလေးကို သူဖာသာ မနိုင်မနင်း ချီပိုးရလေ၏။ သူ့ခင်ပွန်းက ညအိပ်ညနေအလုပ်ရှိ၍ တစ်ပတ်မှတစ်ခါ၊ နှစ်ပတ်မှတစ်ခါ ဆိုသလို ပြန်လာရာသူမနှင့် ကလေးသာအနေများရသဖြင့် ပြုစုယုယကျွေးမွေးချီမရန် လုံးလုံးတာဝန်ကျလေ၏။ သို့သော်လည်း ကလေးငယ်သည် မိသားစု၏ မျှော်လင့်ချက်ဖြစ်၍ သူမသည် အခြားမိခင်များလိုပဲ ပျော်ရွှင်စွာချီရလေ၏။

မိခင်များသည် ကလေးငယ်ကို မွေးရန်သာမဟုတ် ချီမရန်လည်း အလိုအလျောက် တာဝန်ကျလေ၏။ ကမ္ဘာအနှံ့မှ မိခင်များသည် ထိုတာဝန်ကို နည်းအမျိုးမျိုးဖြင့် လုပ်ဆောင်ရ၏။ ရေခဲပြင် အက်စကီးမိုးလူမျိုးများက မိမိ၏ သိုးမွေးခေါင်းစွပ်အိပ်တွင် ထည့်ထား၏။ လူနီတိုင်းရင်းသားများက ပုခက်ပျဉ်ပြားတွင် ထည့်၍ ကျောကုန်းနှင့် ကပ်ကာချည်နှောင်သယ်ပိုး၏။ အာရပ်အမျိုးသမီးများက ပုခုံးပေါ်မှာ ခပ်မြင့်မြင့်ချည်နှောင်ထား၏။ အာဖရိက မိခင်များကတော့ စောင်နှင့်ကပ်၍ ကိုယ်မှာကပ်ထား၏။ ကျွန်တော်တို့ဆီက တိုင်းရင်းသား မိခင်များ၏ဝန်ကို ပေါ့ပါးစေသော တီထွင်သူက ချားလ်ဘာတန်ဖြစ်၍ ယနေ့တွေ့ရသော ကလေးလက်တွန်းလှည်းကို စတင်တီထွင်ပါ၏။ သို့သော် . . . ဤစေတနာရှိရှိ လုပ်ဆောင်မှုက သူ့ကို အမေရိကန်ပြည်မှ ခွဲခွာစေပါသည်။ သူ့ပစ္စည်းကို လက်မခံကြပါ။ သူ့လက်တွန်းလှည်းကြောင့် လမ်းပေါ်မှာ အတိုက်အခိုက်များ၍ ဖြစ်ပါသည်။ သို့နှင့် မည်သူမျှ မဝယ်သဖြင့် အင်္ဂလန်ပြည်သို့ ပြောင်းရွှေ့ကာ ဆက်လက်လုပ်ဆောင်ရပါ၏။ အဲဒီမှာလည်း ဘယ်သူမှမဝယ်ပါ။ သို့သော် . . . မိခင်တစ်ဦးဖြစ်သော ဘုရင်မကြီးအသုံးပြုလျှင် ဖက်ရှင်ဖြစ်လာ၍ စိတ်ဝင်စားကြပါသည်။ စပိန်ဘုရင်မကြီး အစ်လဘယ်လာ၊ အီဂျစ်ပြည်မှာ ဘုရင်မ ပါရှာတို့က ဝယ်သုံးလျှင် . . . ချက်ခြင်းပင် အဝယ်လိုက်၍ မိခင်များအတွက် သက်သာရာကရိယာ ဖြစ်လာပါသည်။ ထိုအချိန်မှစ၍ (To know who is the Queen) ဘုရင်မက ဘယ်သူလဲ ဆိုတာ သိပါ . . . ဟုသော စကားပေါ်လာပါသည်။

ဘာတန်အတွက် ဘုရင်မှက အရေးကြီးသလို၊ ကျွန်တော်တို့လည်း သိဖို့ရန် ဖြစ်ပါသည်။ လောက၌ မည်သူသည် အရေးပါသည်ကိုသိလျှင် အောင်မြင်ခြင်းကို ရသကဲ့သို့ ဝိညာဉ်ရေးရာမှာလည်း မည်သူသည် အရေးပါသည်ကို သိရန် အရေးကြီးပါသည်။





လူသားသည်ကြီးစွာသော ဘုန်းတန်ခိုးအာနုဘော်ကို ဆောင်လျက် မိုးတိမ်ကိုစီး၍ ကြွလာတော်မူမည်။ (ရှင်မဿဲခရစ်ဝင်ကျမ်း၊ ၂၄း၃၀)

## "မေ့သွားလို့မရပါ ..."

တက္ကသိုလ်မှာတုံးက ကျွန်တော်နှင့် ပန်းချီဆရာဖြစ်ချင်သူ ကျော်၊ ကဗျာဆရာမဖြစ်ချင်သူ စိမ်းစိမ်းတို့သည် ခင်ခင်မင်မင်နေရင်း ကျော်နှင့် စိမ်းစိမ်းသည် ကြင်ကြင်နာနာ ချစ်သူတွေဖြစ်သွားပါသည်။ သို့သော် ကျောင်းလွန်သောအခါ ကျော်သည် စိမ်းစိမ်းကို ချန်ထား၍ အခြားမိန်းကလေးနှင့် အိမ်ထောင်ပြုသွားရာ စိမ်းစိမ်းကတစ်နေရာသို့ ထွက်ခွာသွား၍ လေယာဉ်ကွင်းသို့ လိုက်ပို့သောနေ့က ငိုနေသောသူမကို နင်တစ်ချိန်ကျရင် ပြန်လာပါဟာ။ ငါအမြဲသတိရမယ်။ ဘယ်တော့မှ နင့်ကိုမမေ့ဘူး . . . ဟု ကြေကွဲစွာ နှစ်သိမ့်ခဲ့ဖူးပါ၏။

နှစ်ပေါင်းသုံးဆယ်စွန်းလျှင် ကျွန်တော့်ထံသို့ တယ်လီဖုန်းသံတစ်ခု နှုတ်ဆက်လာပါ၏။ ငါ . . . ပြန်လာပြီသူငယ်ချင်းဟု ဆိုရာ ဘယ်သူမှန်းမသိ၍ တစ်ယောက်ကနောက်တာပဲဟု ထင်ခဲ့သည်။ အသံကိုမှတ်မိတယ်မဟုတ်လား။ နင့်ဂတိကို ငါယုံတယ်။ ဟိုတစ်ယောက်လို မဟုတ်ဘူး။ နင်က ငါ့ကို အမြဲသတိရနေမှာကို ငါသိပါတယ် . . . ဟု ဆက်ပြောလျှင် ဘယ်သူမှန်းမသိ၍ အိအိအအဖြစ်နေပါ၏။ နာရီဝက်မှ စကားပြောပြီးနောက် သူမကို မသိလျှင် စိတ်ဆိုးလျက်၊ ငါကတော့ သူငယ်ချင်းသံယောဇဉ်နဲ့ ပြန်လာရတာ။ နင်ကမသိတော့ဘူးပေါ့။ ငါ ကဗျာဆရာမ ဖြစ်ချင်ခဲ့တဲ့ စိမ်းစိမ်းပဲဟု ပြောလျှင် စိမ်းစိမ်းဆိုတာ ဘယ်သူလဲဟု ပြန်စဉ်းစားရပြန်၏။ ပြီးမှ . . . မကြာခဏခွဲစိတ်ခံရလို့ မေ့ဆေးများပြီး မေ့တတ်လို့ပါ။ ခွင့်လွှတ်ပါ။ အခုသတိရပြီဟု ဆိုသော်လည်း သူမက ငယ်ငယ်ကအတိုင်း စိတ်ကောက်လျက် ကျွန်တော်နှင့် မတွေ့သွားပါ။ နောက် . . . အနှစ် (၃၀)ကြာရင် တစ်ခါပြန်လာမယ်။ အဲဒီအခါကျလို့ မမှတ်မိရင် သိမယ် . . . ဟုပြောရင်း ဖုန်းချသွားပါ၏။ နောက် အနှစ် (၃၀) ကျရင် ပြန်လာမယ်တဲ့။ ကျွန်တော်ရှိပါဦးမလား။ ရှိရှိ၊ မရှိရှိ၊ မှတ်မိဖို့တော့ လိုသဖြင့် အသေအချာမှတ်ထားလိုက်ရပါသည်။

ကျွန်တော်တို့သည် သခင်ယေရှု၏ ဒုတိယအကြိမ် ပြန်ကြွလာခြင်းကို မျှော်လင့်လျက်ရှိပါသည်။ ကိုယ်တော်ပြန်လာဖို့ စောင့်ဆိုင်းရင်း ကိုယ်တော်ကို မေ့သွားသော ယုံကြည်သူများ ရှိပါသည်။ ဘယ်အချိန်၊ ဘယ်နာရီ၊ ဘယ်ကာလမှာ တစ်ဖန်ကြွလာမည်ကို မသိပါ။ သူကြွလာချိန်၌ လောက၌ ကျွန်တော်တို့ ရှိ၊ မရှိ မသေချာပါ။ သို့သော် . . . သခင်ကြွလာသောအချိန်မှာ ကောင်းစွာမှတ်မိဖို့တော့ လိုအပ်သဖြင့် အသေအချာပင် မှတ်ထားရန် လိုပါသည်။ သခင်ကြွလာချိန်၌ အဆင်သင့်ဖြစ်ပါမှ ကိုယ်တော်နှင့်အတူ နိုင်ငံတော်သို့ ဝင်စားခွင့် ရပါလိမ့်မည်။

လူသည်စကြဝဠာကို အကြွင်းမဲ့အစိုးရ၍ မိမိအသက်ဝိညာဉ်ရှုံးလျှင် အဘယ်ကျေးဇူးရှိသနည်း။ မိမိအသက်ဝိညာဉ်ကိုအဘယ် ဥစ္စာနှင့် ရွေးနိုင်သနည်း။

(ရှင်မာကု ခရစ်ဝင်ကျမ်း၊ ၈း၃၆)

## "ဥစ္စာနှင့်"

ဆရာမကလေးသည် ဝေဒနာကိုပြင်းပျစွာခံစားနေရင်းမှ သူမ၏လက်ဝတ်လက်စားများကိုချွတ်ကာမိခင်ကို အပ်ပါသည်။ ဒါတွေအားလုံးကို ကျွန်မ မဝတ်တော့ဘူး။ မေမေ ရောင်းပြီး ဆေးကုပေးပါဟု တောင်းပန်ရှာပါသည်။ ရွှေထည်လက်ဝတ်လက်စားများကို မိခင်သည် လက်ခံယူသော်လည်း နှမြောနေပါသည်။ အလျှော့တွက်၊ လက်ခရှုံးမှာပဲဟု တွက်ကာနှောင့်နှေးလေသည်။ ဆေးရုံဆေးခန်းကို ချက်ခြင်းမသွားနိုင်ပဲ၊ ရောဂါဝေဒနာ၏ အရင်းအမြစ်ကို မရှာဖွေနိုင်ပဲ ဆေးနည်းတိုများနှင့် ကုနေရာ၊ ဆရာမကလေးမှာ တဖြည်းဖြည်းရောဂါကျွမ်းလာပါ၏။ ဆင်းရဲခဲ့သောဆရာမကလေးမှာ အိမ်ဆောက်ဖို့ မိခင်ကို စုငွေများအပ်ပြန်၏။ အိမ်ကောင်းကောင်းနဲ့ မနေရရင်လည်းကိစ္စမရှိဘူး၊ ကျွန်မကို ဆေးကုပေးပါဟုပြောပြန်၏။ မိခင်က သမီးခဲယဉ်းစွာရှာခဲ့သောငွေကို သုံးရမှာ စိတ်မချမ်းသာသဖြင့် တခါကြာသွားပြန်၏။ သည်လိုနှင့်. . . တစ်ပတ်အတွင်းမှာ ဆရာမကလေးသည် သတိလက်လွတ်ဖြစ်ကာမှ ဆေးရုံပို့ရ၏။ ဆရာဝန်များကခေါင်း ခါလျက်. . . ကျွန်းမာရေး အသိနည်းလိုက်တာဗျာ။ ဒါမျိုးဖြစ်တာ စောစောလာလိုက် ပါလားဟုပြောလျှင် မိခင်သည် နောင်တနှင့် ငိုသောလည်းမရတော့ပါ။ ထိုညဉ့်ပင် သမီးသည်မိခင်ကို ငွေများ၊ လက်ဝတ်လက်စားများနှင့် အတူထားခဲ့၍ သေဆုံးသွားပါသည်။

ပတ်ဝန်းကျင်မှ မိတ်ဆွေများကမိခင်ကို မညာမတာဝေဖန်ကြပါ၏။ ဆရာမကလေးကို ချစ်ခင်သနား၍ မိခင်ကိုစိတ်ပျက်ကြပါ၏။ အဖွားကြီးဟာငွေမက်တဲ့သူဟု ပြော၍ အချို့ကတော့ ကျန်မာရေးအသိနည်းသောသူ ဟုတံဆိပ်ကပ်ပါသည်။ မည်သို့ပင် ဖြစ်စေရာ ဆရာမလေးကတော့ ပြန်မလာနိုင်တော့ပါ။ ထာဝရခွဲခွာသွားပါပြီ။

လောကတွင်နေထိုင်စဉ်ပစ္စည်း၊ ရွှေငွေရတနာတို့လိုအပ်ပါသည်။ သို့သော်လည်း ထိုအရာများကို သိမှတ်စွဲလန်းလွန်းသဖြင့် အသက်ကိုရှုံးရသော သာဓကအများရှိပါသည်။ ထိုအဖြစ်အပျက်များကို နေ့စဉ်တွေမြင်လျက်ပင် ကိုယ်တိုင်ဥစ္စာများကိုစွဲလန်း အားကြီး၍ ဝမ်းနည်းဖွယ်များကို ရင်ဆိုင်ရပါ၏။ ကျမ်းစာ၌ သခင်ယေရှုထံသို့လာ၍ ထာဝရအသက်ကို ရအံ့သောငှာနည်းလမ်းရှာသော သူကိုအောက်မေ့ကြပါစို့။ သူခိုးမရောက်၊ ပိုးများမဖျက်ဆီးရာအရပ်၊ ကောင်းကင်ဘုံ၌ မကုန်ဆုံးနိုင်သော ဘဏ္ဍာကိုသာအမြတ်ထား၍ ဆည်းပူးရန် သခင်ယေရှုက သွန်သင်ခဲ့ပါသည်။





လူမည်သည်ကား ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ။
၂ ကော၊ ၅း ၁၇)

## 'လူသစ်ဖြစ်ဖို့ ...'

သူငယ်ချင်းခရစ်ယာန် အမှုတော်ဆောင် 'ဆန်းဆန်း'သည် ဓမ္မတတ္တသိုလ်မှာ စာချပုဂ္ဂိုလ်ဖြစ်ရုံမက လက်ထောက်သင်းအုပ်တစ်ပါးလည်း ဖြစ်ခဲ့ဖူးသည်။ စာရေးဆရာလုပ်နေပြီး အသင်းတော်သမိုင်းကို ပြုစုနေသောပညာရှင်လည်း ဖြစ်ပါ၏။ သူမနေနေသော အရာတစ်ခုကို အသက်(၄၀)ကျော်မှ သတိရပါ၏။ အိမ်ထောင်မပြုရသေးသဖြင့် ဒီအချိန်ကျမှ ကိုယ်ဖာသာလည်း မိန်းမ မပိုးနိုင်သဖြင့် အမေကို ပူဆာရလေသည်။ မိခင်က သက်ပြင်းချကာ ဆွေမျိုးများရှိရာ မြစ်ကြီးနားသို့ တက်သွားပါသည်။ မိခင်ကိုသနားသဖြင့် အပျိုမကလေးတစ်ယောက်က လက်ခံပေးပါမည်၊ အဒေါ်သားကိုခေါ်ခဲ့ပါဟု စကားပြန်လျှင် ဆန်းဆန်းသည်စတစ်ကော်လာအကျီဖြူနှင့် ကချင်ပုဆိုးကိုဝတ်လျက် မြစ်ကြီးနားသို့ အပြေးအလွှားတက်သွားလေ၏။ မြစ်ကြီးနားသို့ရောက်လျှင် မိခင်သည် သားအတွက်မည်မျှကြိုးစားခဲ့သည်ကို တွေ့ရလေ၏။ နှစ်ဘက်မိဘများက တောင်းမွန်စွာ စေ့စပ်စကားဆိုလျက် အသင်းတော်ဆရာသမား၏ရှေ့မှာ ဆုတောင်းပွဲ ကျင်းပလေသည်။ ဆန်းဆန်းသည် ရန်ကုန်သို့ဝမ်းသာအားရ သတင်းပို့လျက် (၇၀%)တော့ အိုကေပြီဟု ပြောပါသည်။ သူ့သတင်းကို စောင့်မျှော်နေသောသူများကလည်း ဝမ်းသာသော်လည်း စိတ်မချရသေးပါ။

နောက်တစ်နေ့မှာတော့ သူဆေးပေါ့လိပ်သောက်နေသည်ကို မြင်သော မိန်းကလေးရှင်များက အံ့ဩလျက် စိတ်ပျက်သွားပါ၏။ သူသည် ယုံကြည်သူဖြစ်သော်လည်း ဆိုးညစ်သောအကျင့်ရှိနေဆဲ ဖြစ်ရုံမက၊ ဆေးလိပ်၊ အရက် စသည်တို့၏ သွေးဆောင်မှုကို ခံရဆဲဟု သိသွားလျှင် သူ့ကိုခေါ်၍ ကျမ်းစာသင်တန်း (၃)ရက် ပေးလေသည်။ ထို့နောက်တွင် သူသည် ဆုတောင်းခံလျက် မူးယစ်သောက်စားမှုမှန်သမျှကို ဖြတ်တောက်ရန် သတိပေးခံရပါသည်။ လူသစ်ဖြစ်လာသည်မှာ အချစ်ကြောင့်မဟုတ်လားဟု မိတ်ဆွေများက နောက်သောအခါ သူက. . မဟုတ်ဘူးဗျ။ ခရစ်တော်က စိတ်နှလုံးထဲမှာ ကိန်းဝပ်နေပြီဆိုရင် ခင်ဗျား အမှန်တကယ် ပြောင်းလဲမှာပဲ။ အဲဒါ . . လက်တွေ့ဗျ . . ဟု သက်သေခံလေသည်။ ရှင်ပေါလုက ခရစ်တော်ရှိလျှင် အသစ်ပြုပြင်သည့်သတ္တဝါဟု သွန်သင်ပါသည်။ ကျွန်တော်တို့သည် ပြောင်းလဲပါပြီ၊ ကိုယ်တော်ကို ယုံကြည်ပါပြီ ဟု ပြောဆိုကြွေးကြော်သည့် တိုင်အောင် အမူအကျင့်မပြောင်းလဲနိုင်သေးလျှင် ခြားနားသောအသက်ရှင်ခြင်းကို မဖော်ပြနိုင်သေးလျှင် ခရစ်တော်ကိုရပါပြီ၊ ခရစ်တော်သည် နှလုံး၌ကိန်းဝပ်ပြီဟု မဆိုနိုင်သေးပါ။ အမှန်တကယ် ခရစ်တော်ကိုရလျှင် လူသစ်ဖြစ်လာ၍ ခြားနားသောအသက်ရှင်ခြင်း ရှိပါလိမ့်မည်။

## ဩဂုတ်လ(၂၅)ရက်၊ ၂၀၀၆–ခုနှစ် (သောကြာနေ့)

သင်တို့သည် လူကိုဖမ်းသောတံငါဖြစ်စေခြင်းငှါ ငါပြုမည်ဟု မိန့်တော်ရှိလေသော် ထိုသူတို့သည် ချက်ခြင်း ပိုက်ကွန်ကို စွန့်ပစ်၍ နောက်တော်သို့ လိုက်ကြ၏။ (မဿဲ၊ ၄ း ၂၀ )

### 'လူကိုဖမ်းသော တံငါ ...'

လွန်ခဲ့သောနှစ်ပေါင်း ငါးဆယ်ကျော်(၁၉၅၀)ပြည့်နှစ်၊ ယခုလိုပဲ ဩဂုတ်လ(၂၅)ရက်နေ့တွင် တံငါသည်ကြီး ဂျွန်နာပိုလီ(John Napoli)သည် ဂိုးလ်ဒင်းဂိတ်တံတားမှ မိုင်(၃၀)အကွာ ပင်လယ်ပြင်မှာ ငါးဖမ်းနေခဲ့ပါသည်။ ရုတ်တရက် ခပ်လှမ်းလှမ်းတွင် သင်္ဘောတစ်စီးသည် ကျောက်ဆောင်ကို တိုက်မိ၍ လူများ ရေနစ်သည်ကို တွေ့လျှင် ထိုနေရာသို့ တံငါသင်္ဘောကလေးကို မောင်းနှင်သွားပါသည်။ ရေနစ်သူကား များလှပါသည်။ အချို့က နစ်လေပြီ။ အချို့က ရေကူးနေတုံး။ အချို့က သစ်သားစည်ပိုင်းများကို တွယ်ဖက်လျက် အော်ဟစ်ငိုယိုနေ၏။ ဂျွန်၏ သင်္ဘောကိုမြင်လျှင် အံသည်းအသန် အကူအညီတောင်းခံလေ၏။ သို့သော် ဂျွန်က မကူညီနိုင်ပါ။ တစ်နေ့တာ ဖမ်းမိသော ငါးများကြောင့် သင်္ဘောလေးနေပါပြီ။ အကယ်၍ ရေနစ်သူများကို ကယ်ဆယ်လိုက်လျှင် သူတို့၏အလေးချိန်ကြောင့် သင်္ဘောသည် နစ်မည် မုချဖြစ်ရာ . . ဘာလုပ်ရမလဲ မစဉ်းစားတတ်အောင် ဖြစ်ရပါ၏။

တစ်နည်းပဲရှိပါသည်။ ဖမ်းမိသောငါးများကို ပင်လယ်ထဲသို့ သွန်ချလိုက်မှ လူတွေကို တင်နိုင်မည်။ ဖြစ်ချင်တော့ ထိုနေ့က သူဖမ်းမိသောငါးများမှာ ဒေါ်လာ သုံးထောင်ဖိုး၊ မြန်မာငွေ ကျပ်သိန်းလေးဆယ်ခန့်မျှဖြစ်ရာ . . . ဇဝေဇဝါ ဖြစ်သွားရပါ၏။ သို့သော်လည်း ရေနစ်သူများ၏ အော်ဟစ်သံကို မငြင်းဆန်နိုင်သည့်အဆုံး သူ၏ငါးများကို သွန်ချကာ ရေနစ်သူများကို တစ်ယောက် ပြီးတစ်ယောက် ဆွဲတင်ကယ်ဆယ်လေ၏။ အချိန်(၆)နာရီကြာမျှ ပင်ပန်းစွာ ဆွဲတင်ပြီးသောအခါ လူ(၅၄)ယောက်ကို သင်္ဘောပေါ်သို့ တင်လိုက်နိုင်ပါပြီ။ သင်္ဘောပေါ်မှာ နေရာမရှိတော့၍ လူ(၁၆)ယောက်ကို ကြိုးနှင့် ဆွဲခဲ့ရပြန်သည်။ စုစုပေါင်း လူ(၇၀)၏ အသက်ကို ကယ်ခဲ့ပါ၏။

မိမိ၏ စီးပွားရေးကိုပစ်ပယ်၍ အခြားသူ၏အသက်ကို ကယ်တင်ခဲ့သော ဂျွန်နာပိုလီ အကြောင်းကို သတင်းစာများကဖော်ပြသဖြင့် ကမ္ဘာကသိလျှင် ဆင်ခြင်စရာ အများကို ပေးဝေခဲ့ပါသည်။ မိမိကိုယ်သာချစ်၍ ကယ်တင်၍နေသော ကမ္ဘာလောက၏အတ္တ ကို လူကိုဖမ်းသော တံငါသည်တစ်ဦးက လှုပ်နှိုးခဲ့ပါသည်။

ကိုယ်တော်သည် ရှိမုန်နှင့်အန္ဒြေကို ခေါ်သောအခါ . . . သူတို့သည် ပိုက်ကွန်ကိုစွန့်၍ နောက်တော်သို့ လိုက်ခဲ့ပါသည်။ လူကိုဖမ်းသော တံငါများသည် အခြားသူ၏အသက်ကို ကယ်ဆယ်ခွင့်ရဖို့ရန်အတွက် အမျိုးမျိုးသော ကိုယ်ကျိုးစီးပွားကို ပထဦးစွာ စွန့်လွှတ်မှုကို ပြုခဲ့ကြရပါသည်။



## ဩဂုတ်လ(၂၆)ရက်၊ ၂၀၀၆–ခုနှစ် (စနေနေ့)

ငါတို့သည် အပြစ်ရှိစဉ်ပင် ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ငါတို့အား ထင်ရှားစွာ ပြတော်မူ၏။ (ရောမ၊ ၅ း ၈)

### 'အသက်ကို ပေး၍ ...'

သမ္မတလင်ကွန်း၏သမိုင်းကြောင်းကို ရှေးရှေးတုံးက သမိုင်းစာအုပ်ကလေး တစ်အုပ်ထဲမှာဖတ်ရပါသည်။ တစ်နေ့သ၌ သူသည် နယူးအော်လင်းမှာရှိသော လှေဆိပ်ထဲမှ ထွက်၍ ဈေးသို့သွားပါသတဲ့။ ဈေးထဲတွင် လူဖြူတစ်ဦးက လူမည်းတစ်ဦးကို ကျွန်ပြုလုပ်ရန် ရိုက်နှက်နေသည်ကို တွေ့ရပါသည်။ ကျွန်ဈေးကွက်ထဲရောက်နေသော ထိုလူမည်းသည် ခန္ဓာကိုယ် သန်စွမ်းသော်လည်း အရိုက်ခံရပါ၏။ ကျွန်ပြုခံရပါသည်။ ဈေးထဲမှာ အရောင်းချခံနေရပါသည်။ သူ့အေးနားမှာရပ်နေသော ဇနီးသည်၊ သားငယ်ကလေးတို့က ငိုယိုနေပါသည်။ သူတို့လည်း ဘာမှမတတ်နိုင်ပါ။ လူဖြူက ဘာကိုမျှဂရုမစိုက်။ သူ ပိုက်ဆံရဖို့အတွက်သာ လူမဲကိုရိုက်နှက်ရောင်းချနေသော မြင်ကွင်းကိုကြည့်ရင်း လင်ကွန်းသည်လက်ဖြောက်တစ်ချက်တီးရင်း သံဓိဋ္ဌာန်ချလိုက်ပါ၏။ ဒါဟာ မှားနေပြီ။ တစ်နေ့ကျရင် ဒီကိစ္စကိုငါဖြေရှင်းမယ်။ ငါ့အသက်ကို ပေးဆပ်ရမယ် ဆိုရင်တောင် ငါပေးဆပ်မယ် . . ဟု ပြောခဲ့ပါသည်။ တကယ်လည်း သူပြောသည့်အတိုင်းပင် . . အသက်ကိုပေး၍ ကျွန်စနစ်ကို ဖျက်သိမ်းအောင် ပြုလုပ်ခဲ့ပါသည်။

ထိုအကြောင်းကိုဖတ်ရှုခဲ့ဖူးသော ကလေးငယ် ဝီလျံဘရန်ဟမ်သည် သူကို ဘာကြောင့် ဆင်းရဲခဲ့သလဲဟု တွေးရင်း ဖခင်က အရက်သောက်ကာ ဘုရားသခင်ကို ဂရုမစိုက်သောအကြောင်း ကို တွေ့ရလေသည်။ လင်ကွန်းနည်းတူပင် . . ဒါဟာ မှားနေပြီ။ တစ်နေ့ကျရင် ဒီကိစ္စကိုငါဖြေရှင်းမယ်။ ငါ့အသက်ကိုပေးဆပ်ရမယ်ဆိုရင်တောင် ငါပေးဆပ်မယ် ဟုပြောခဲ့ပါသည်။ တကယ်လည်း သူပြောခဲ့သည့်အတိုင်းပင် . . . ကြိုးစား လုပ်ဆောင်ခဲ့သဖြင့် မိသားစုကိုသာမက ကမ္ဘာကိုဧဝံဂေလိပြုနိုင်သော ဆရာကြီးတစ်ပါး ဖြစ်ခဲ့ရပါသည်။ သူ့အားဖြင့် များစွာသောသူတို့သည် ကယ်တင်ခြင်းကိုတွေ့မြင်ခွင့် ရခဲ့ပါသည်။

လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင်ရှေ့တော်၌ အသရေပျက်သော အခါ . . အခြားသောနည်းလမ်းဖြင့် ကယ်တင်ဖို့ရန် စီမံခဲ့သော်လည်း မရသည့်အဆုံးတွင် သခင်ယေရှု၏အသက်ကိုပေး၍ သမ္မာတရားလမ်းထဲသို့ ရွေးနှုတ်ခဲ့ရပါသည်။ မည်သည့် အမှားအယွင်း၌မဆို တန်ဖိုးကြီးသောရွေးနှုတ်ခြင်း ရှိပါ၏။

တိမောသေဩဝါဒစာ၌ . . . ဘုရားသခင်သည် ငါတို့ကျင့်သောအကျင့်ကို ထောက်တော်မမူ ကိုယ်တော်တိုင်ကြံစည်တော်မူသော ကျေးဇူးတော်နှင့်အညီ ငါတို့ကို ကယ်တင်၏။ (၂ တိ၊ ၁ း ၉)ဟု ကျမ်းလာပါသည်။

ငါ၏သားသမီးတို့သည် သမ္မာတရား၌ ကျင်လည်သည်ကို ငါကြား၍ ဝမ်းမြောက်ခြင်းထက် သာ၍ဝမ်းမြောက်ခြင်းမရှိ။ (ရှင်ယောဟန်ဩဝါဒစာ တတိယစောင်၊ ၃ း ၄)

---

## ' ဝမ်းမြောက်ခြင်းများကို ... '

လွန်ခဲ့သောနှစ်ဆယ့်နှစ်နှစ်က ဩဂုတ်လ(၂၇)ရက် ညနေခင်းမှာပဲ ကျွန်တော်တို့ ဇနီးမောင်နှံအတွက် သမီးကလေးတစ်ယောက်ကို ဘုရားသခင်က လက်ဆောင်ပေးခဲ့ပါသည်။ ဇနီးဖြစ်သူက ယောက်ျားကလေးရချင်သော်လည်း ကျွန်တော်က မိန်းကလေးရချင်၍ ဆုတောင်းခဲ့ပါသည်။ ရုပ်ချောချောလေးလည်း ဖြစ်ချင်သည်။ ပါးချိုင့်လေးလည်း ပါချင်သည်။ အသားဖြူဖို့လည်း ဆုတောင်းရသည်။ တစ်ခါ ဦးနှောက်ကောင်းကောင်း၊ ကိုယ်အင်္ဂါစုံစုံ လင်လင်ပေါ့လေ။ ဆုတောင်းပါသည်။ သမီးကလေးကို ပွေ့ချီချင်၍ မရှက်မကြောက်ဆုတောင်းရာ ဘုန်းတော်ဝင်စားခဲ့ပြီးသော ဥက္ကံမြို့မှ သင်းအုပ်ဆရာကြီး ဦးကျော်ထင်က ' ဟေ့၊ မင်းသမီးလေးကြီးလာရင် ဘုရားသခင့်ကိုသိဖို့၊ လိမ္မာဖို့ဆုတောင်းဦး ' ဟု သတိပေးပါ၏။ သူက . . လှပြီး တော်ပြီး မလိမ္မာရင်၊ သမ္မာတရားကိုမသိရင် မြင်းကို ချိုတပ်ပေးတာထက်ဆိုးမှာဟု ပြောရာ တစ်ခါ ဆုတောင်းရပြန်၏။

ထိုအကြောင်းကို သတိရနေရင်းမှ အင်းစက်တော်မှ ဆရာချစ်ထွန်းရောက်လာပါသည်။ သူဖြေးကလေးနှစ်ဦး၏ဓါတ်ပုံကိုပြရင်း သမ္မာတရားမှာ ကျင်လည်စေချင်၍ ပြုစုပျိုးထောင်ရသောအကြောင်းကို ပြောပြပါသည်။ တဖြည်းဖြည်းနှင့် နားလည်လာရသောအကြောင်းမှာ . . သားသမီးများအတွက် မိဘတို့လိုသောအရာမှာ လှပခန့်ငြားခြင်း၊ ပညာကောင်းခြင်း၊ ချမ်းသာကြွယ်ဝခြင်း . . စသော လောက၏ကျက်သရေသာမက၊ လိမ္မာရေးခြားရှိဖို့နှင့် သမ္မာတရားမှာ ကျင်လည်ဖို့လည်း ပါဝင်ပါသည်။ ကာယ၊ ဝိဉာဉ်နှစ်မျိုးစလုံးမှာ တတ်သိအောင်မြင်ဖို့ရန် ဆုတောင်း ပေးကြရပါမည်။ သမီးနေခြည်နွေးနွေးကို စောင့်ကြည့်သောအခါ တကယ်လည်း ဆုတောင်းသည့်အတိုင်း ကြီးလာသောအခါ လှလှပပလေး ဖြစ်ပါသည်။ သွက်သွက်လက်လက် ချက်ချက်ချာချာဖြစ်ပြီး စာလည်း ကြိုးစားပါသည်။ မကြာခင်မှာ ဆရာမလေးတစ်ယောက် ဖြစ်လာတော့မည်ဖြစ်၍ . . . လောကနှင့် စပ်ဆိုင်သောအရာမှာ ပူပန်စရာမရှိပါ။

သို့သော်လည်း ဥပုသ်နေ့များမှာ တော်တော်နှင့်အိပ်ယာမထပါ။ မိခင်က ပူညံပူညံ လုပ်သောအခါ သိပ်ပြီးသည်းမခံနိုင်ပါ။ သမ္မာတရား၌ ကျင်လည်သော်လည်း အားမရနိုင်သောအခါ ကိုယ့်ကိုယ်ကိုပဲ အပြစ်တင်မိ၏။ သူ့ဝိဉာဉ်အတွက် ဆရာကျော်ထင်ပြောမှ ဆုပြန်တောင်းခဲ့ရတာမို့ နောက်ကျခဲ့သောအပြစ်ရှိပါသည်။ သားသမီးများကို သွန်သင်ရန်သာမဟုတ်။ ဆုတောင်းပေးဖို့လည်းလိုအပ်ပါ၏။ သားသမီးများအတွက် မည်သို့ ဆုတောင်းပေးခဲ့သနည်းဟူသောအဖြေကို ကျွန်တော်ဖြေဖို့ တုန့်ဆိုင်းခဲ့ပါကြောင်း သတ်သေခံပါ၏။





သင်တို့ဒုစရိုက်သည် သင်တို့ကို ဘုရားသခင်နှင့်ကွာစေပြီ။ ကြားတော်မမူစေခြင်းငှါ၊ သင်းတို့အပြစ်သည် မျက်နှာတော်ကိုလွှဲစေပြီ။ (ဟေရှာယ အနာဂတ္တိကျမ်း၊ ၅၉ း ၁)

---

## ' ဆက်သွယ်မှုအကြောင်း ... '

ကျောက်ကြီးနယ်မှလာသောဆရာနဲတာကို အလင်းအိမ်နားမှ လက်ဖက်ရည်ဆိုင်မှာ သွားတွေ့လျှင် သူကအပြစ်တင်ပါသည်။ မနှစ်က ကျမ်းစာသင်တန်းမှာ ဆရာလာမယ်ဆိုလို့ နှစ်ရက်တောင် လှည်းနဲ့သွားကြိုတာ လာလည်းမလာဘူး . . ဟု ပြောလျှင် အံ့ဩသွားပါသည်။ သူတို့ခမျာ ပင်ပန်းစွာစီစဉ်ပြီး လာကြိုရတာဟု နားလည်သော်လည်း ကိုယ်တိုင်က သတင်းလည်းမရ၊ ဖိတ်မှန်းလည်းမသိသဖြင့် မသွားခဲ့ပါ။ တစ်ခုခုတော့ လွဲနေပြီဟု သိလိုက်ပါ၏။ ဆရာနဲသာသည် လူငယ်ဖြစ်သော်လည်း စာဖတ်စာရေးသောသူ ဖြစ်ကာ ညစဉ်ခွန်အားအတွက် ကောင်းသော စာအုပ်များကို လက်ဆောင်ပေးခဲ့သူ ဖြစ်သဖြင့် ကျမ်းစာသင်ကျောင်းမှာကတည်းက ကျွန်တော် သူ့ကိုလေးစားပါ၏။ သူ၏ အစီအစဉ် အဆင်မပြေဖြစ်ရသောကြောင့် ဝမ်းနည်းသော်လည်း ဘာမှ မတတ်နိုင်ပါ။ သိလည်းမသိတော့၊ အပြစ်တင်တာကိုပဲခံရင်း ပြန်ဖြေစရာစကား မရှိခဲ့ပါ။

နောက်တစ်နေ့မှာ ရေဝတီကိုင်းမှဆရာတစ်ပါးရောက်လာပြီး . . ဆရာက ဘယ်လိုလဲ၊ စာအုပ်မှာတာလည်း 'မပို့ဘူး။ ပိုက်ဆံမပေးဘူးထင်လို့လား။ ကျွန်တော်က မေတ္တာတမန်မှာကတည်းက ဖြန့်ပေးနေတာပါ . . ဟု ပြောလျှင် သူရေးသောစာကိုမရသဖြင့် ဘာပြန်ပြောရမလဲ မသိပါ။ လူကြုံနဲ့မှာတာလား၊ စာတိုက်နဲ့မှာတာလား . . ဟု မေးလျှင် နှစ်မျိုးစလုံးနဲ့မှာတာပါ၊ ဒီမှာ ကော်ပီ(မိတ္တူ)တောင်ရှိသေးတယ်ဟု ပြပါသည်။ မိတ္တူကတော့ သူ့ထံမှာရှိပါရဲ့။ ကျွန်တော့် ဆီကို စာမရောက်လာတော့ မတတ်နိုင်ပြန်၊ အေးဗျာ . . . ကျွန်တော်စာမရသေးလို့ပါ . . ဟု တောင်းပန်ရလေ၏။ ဆရာနှစ်ပါးပြန်သွားမှ ခုတလော အပြစ်တင်တာတွေပဲခံခံနေရတာ ဘာဖြစ်လို့လဲဟု စဉ်းစားမိပါသည်။ ဇနီးသည်က ဆက်သွယ်ရေးလေ၊ ကွန်မြူနီကေးရှင်း (Communication)ပေါ့ဟု ပြောရင်း ရယ်နေပါသည်။ မဇီမလည်နှင့် ဒုက္ခရောက်တိုင်း သူမက ရယ်ရယ်မောမောနှင့် ဝေဖန်ပေးလေ့ရှိရာ ဒီတစ်ခါ ကျေးဇူးတင်ရပါ၏။

ဧဒင်ဥယျာဉ်ထဲမှာ ပြည့်စုံစွာနေခွင့်ရသော်လည်း အပြစ်ကြောင့် ဘုရားသခင်နှင့် ကွဲကွာရသောအခါ မိတ်သဟာယပျက်ပြားသောသာဓက ရှိပါသည်။ လူနှင့်ဘုရားရှင်တို့ အကြားမှာ ဆက်သွယ်မှုမရှိတော့လျှင် ပို၍ဝေးကွာလာကာ နောက်ဆုံး၌ အလိုတော်နှင့် ဆန့်ကျင်သော အသက်ရှင်ခြင်းများ နစ်မွန်းခဲ့ရပါသည်။ အပြစ်တရား၏အခကား သေခြင်းဖြစ်ပါသည်။ လူသားချင်း ဆက်သွယ်မှုမရှိလျှင် နားလည်လွဲမှုဖြစ်သလို ဘုရားရှင်နှင့် ဆက်သွယ်မှုမရှိလျှင် ဝိဉာဉ်အသက်သေဆုံးရပါလိမ့်မည်။ ဘုရားရှင်နှင့် မိတ်သဟာရဖွဲ့လျက် ဆက်သွယ်မှုနိုင်နိုင်မာမာကိုတည်ဆောက်နိုင်ဖို့ လိုအပ်နေပြီ မိတ်ဆွေ။

ထိုသခင်၏နာမမှတစ်ပါး၊ ကယ်တင်နိုင်သောနာမတစ်စုံတစ်ခုမျှ ကောင်းကင်အောက် မြေကြီးပေါ်မှာမရှိ။ (တမန်တော်ဝတ္ထု၊ ၄ း ၁၂)

---

## ' ထိုသခင်၏ နာမအားဖြင့် ... '

ရေငုပ်သင်္ဘောတစ်စီးပေါ်တွင် လူတစ်ယောက်ပါလာသည်။ နာမည်က နှစ်ယောက်စလုံး ရော်ဂျာပဲ ဖြစ်ပါ၏။ ရော်ဂျာနှစ်ယောက်၏ ရေငုပ်သင်္ဘောသည် အတ္တလန်တိတ်သမုဒ္ဒရာထဲမှာ . . ၁၉၇၃-ခုနှစ်၊ ဩဂုတ်လ(၂၉)ရက်နေ့တွင် နစ်မြုပ်သွားပါသည်။ ရေငုပ်သင်္ဘောသည် စက်ပျက်စီးသွားသဖြင့် ပင်လယ်ကြမ်းပြင်မှာ နစ်မြုပ်နေပါသည်။ ကုန်းပေါ်မှာကား ပျက်လျှင် တော်သေးသည်။ ပင်လယ်အောက်တွင် ရေငုပ်သင်္ဘောပျက်သောကြောင့် အရေးအကြီးဆုံးက အသက်ရှူရန် လေဖြစ်သည်။ လေက မိနစ်(၉၀)စာပဲ ရှိသည်။ ဒီအချိန်မှာ ကယ်ဆယ်ခြင်းမခံရလျှင် သေရတော့မည်။ လေမရှိလျှင် အသက်မရှူနိုင်တော့ပါ။ အကယ်၍ လှုပ်လှုပ်ရှားရှားကြိုးစားလျှင် လေက မိနစ်(၉၀)ထက်စော၍ ကုန်သွားနိုင်သေးသည်။ ရော်ဂျာနှစ်ယောက် ဘာမျှမတတ်နိုင်။အခြေစိုက်စခန်းသို့ ကြေးနန်း ပို့ပြီးနောက် . . အထက်မှ လာကယ်ဖို့ စောင့်နေတာပဲရှိတော့သည်။

ရေငုပ်သင်္ဘောတစ်စီးကို တစ်နာရီခွဲအတွင်းမှာ ဆယ်ဖို့ကိစ္စ အလွန်ခက်ခဲပါသည်။ သို့သော် ရော်ဂျာ၏မိတ်ဆွေများက ရေငုတ်သင်္ဘောကြီးများကို မောင်းနှင်သွားပြီး နစ်မြုပ်နေသောသင်္ဘောငယ် ကို သံကြိုးဖြင့်ပတ်ချည်ကာ မတင်ကြလေသည်။ အချိန်သည် လျှင်လျှင်မြန်မြန်ကုန်သွားပါသည်။ ရော်ဂျာတို့နှစ်ယောက်သည် ဆုတောင်းလျက် နေရုံပဲရှိသည်။ မိတ်ဆွေများ၏ကြိုးစားမှု အောင်မြင်ခဲ့ သဖြင့် သူတို့ အသက်ချမ်းသာရာရခဲ့ပါ၏။

ယနေ့ ကျွန်ုပ်တို့၏အခြေအနေက ရော်ဂျာတို့နှင့် ဘာမှမခြားနားပါ။ အသက်တာ၌ မှားယွင်းမှုရှိသောအခါ နစ်မြုပ်သွားသော သင်္ဘောတစ်စီးကဲ့သို့ တဖြည်းဖြည်း ကျဆင်းနေပါသည်။ အခြေအနေကိုသိသော်လည်း ကယ်တင်ရန်၊ လွတ်မြောက်ရန်အတွက် ခက်ခဲပါသည်။ နေ့စဉ် အဟာရများအတွက် အချိန်အနည်းငယ်သာ ကျန်ပါသည်။ ထိုကာလ လွန်လျှင် ပျက်စီးရတော့မည့် ဖြစ်ပါ၏။ ယခုအချိန်၌ အထက်အရပ်မှလာသောကယ်ဆယ်မှုကိုသာ မျှော်လင့်စရာရှိပါသည်။

စင်စစ် . . . ခရစ်တော်၌သာ မျှော်လင့်စရာရှိသည်ကို သတိရအောင်မေ့လျက် ငြိမ်ဝပ်စွာနေခွင့် ရှိပါ၏။ ကိုယ်တော်၏ကျေးဇူးတော်အားဖြင့် နစ်မြုပ်နေသောဘဝ၏ သင်္ဘောပျက်တစ်စီးကို မေတ္တာကြိုးဖြင့် ချည်နှောင်ဆွဲတင်လျက် တဖြည်းဖြည်း အပေါ်သို့ မြင့်တက်လာနိုင်ပါသည်။

ကိုယ်တော်သည် လမ်းခရီး၊ ကိုယ်တော်သည် သမ္မာတရား၊ ကိုယ်တော်သည် အသက်လည်း ဖြစ်ပါသည်။ ထိုကိုယ်တော်ကို အမှီမပြုလျှင် အဘယ်သူမျှ မြင့်သောနေရာသို့ မရောက်နိုင်ကြပါ။



မျက်ရည်ကျလျက် မျိုးစေ့ကြဲနေသောသူသည် ရွှင်လန်းလျက် စပါးရိတ်ကြရမည်။ (ဆာလံကျမ်း၊ ၁၂၆ း ၅)

---

## ' ရွှင်လန်းလျက် ရိတ်ရမည် ... '

ဖားကန့်မြို့မှ ဒေါ်လုတောင်ကို မမျှော်လင့်ပဲ ပီနန်ကျွန်းမှာ တွေ့ရပါသည်။ သူမသည် လေ့လာရေးခရီးတစ်ခုဖြင့်ရောက်လာပြီး ကြုံတုန်းမှာ ကွာလာလမ်ပူမြို့၌ ရှိသောသားနှင့် တွေ့ချင်ပါသည်။ သားသည် ငယ်သောအရွယ်မှစ၍ စီးပွားရှာရန် မလေးရှားကိုထွက်သွားခဲ့သည်မှာကြာပြီ။ မိခင်ကသွားတွေ့ချင်သော်လည်း လေ့လာရေးခရီး တာဝန်ရှိသူများက ခွင့်မပြုပါ။ သားကလည်း မိခင်ထံသို့မလာရဲပါ။ ဗီဇာသက်တမ်း ကျော်နေပြီမို့ သွားလာလျှင် အဖမ်းအဆီးခံရနိုင်သဖြင့် အလုပ်ထဲမှာပဲ နေရပါသည်။ မိခင်ကို ဖုန်းနှင့်စကားပြောရသော်လည်း သားအမိနှစ်ယောက် လူချင်းမတွေ့ရ။ ပိုက်ဆံလည်း ပေး၍မရသဖြင့် ဝမ်းနည်းလျက် ငို၏။ မိခင်ကလည်း ငိုပါသည်။ ဒေါ်လုတောင်က ကျွန်တော့်ကိုတွေ့လျှင် ဆုတောင်းပေးရန်ပြောပါ၏။ တစ်နေ့လျှင် သုံးကြိမ်မျှ သူမနှင့် တွေ့ရာ တွေ့တိုင်းငို၍ ဆုတောင်းခိုင်းပါသည်။

ဆုတောင်းပေးပြီးလျှင် ကျွန်တော်က . . " ဒီလောက်အငိုသန်တဲ့မိန်းမ ယောက်ျား တော်တော်စိတ်ညစ်မှာပဲ။ ဒေါ်လုတောင် ယောက်ျားက စိတ်မညစ်ဘူးလား" ဟု မေးရာ သူမက ဂုဏ်ယူစွာဖြင့် . . ကျွန်မယောက်ျားက အလွန် သဘောကောင်းတယ်။ သူစိတ်ညစ်တာနှစ်ခုပဲရှိတယ်။ တစ်ခုက ကျွန်မအတင်းပြောရင်မကြိုက်ဘူး။ နောက်တစ်ခုက အတွင်းခံအင်္ကျီမပါဘဲ အပြင်ထွက်ရင် အသေဆူတာပဲ . . ဟုပြောရင်း ရယ်နေ၏။ ရယ်လိုက်ငိုလိုက်နှင့် ဒေါ်လုတောင်သည် ပီနန်မှာ အကြိမ်ကြိမ်ဆုတောင်းပြီးမှ . . နောက်ဆုံးတွင် သားကိုသွားတွေ့ခွင့်ရလေသည်။ တာဝန်ရှိသူများက သနားလာပါသည်။ ပြန်တွေ့သောအခါ ဝမ်းသာသဖြင့် မျက်ရည်ကျပြန်သည်။ ဆရာဆုတောင်းပေးတာ ကျေးဇူးတင်တယ်ဟု မျက်ရည်ဝဲဝဲနှင့်ပြောရာ . . သူမအတွက် ဝမ်းသာပါသည်။

ငိုတတ်တဲ့ကလေးနို့စို့ရတယ် . . . ဟု ပြောကြပါသည်။ တကယ်တော့ ငိုခြင်း၊ မျက်ရည်ကျခြင်းမှာ ခံယဉ်းသောအနေအထားကြောင့် ဖြစ်ပါသည်။ ခံယဉ်းသဖြင့် ရပ်နားလိုက်သော အခါ အကျိုးမရှိပါ။ ငိုရသောနေ့ရက်ဖြစ်ပါလျက် ဆက်လက်ခရီးပြုလျှင် ပန်းတိုင်သို့ရောက်နိုင်ပါ၏။ ဆာလံဆရာက မျက်ရည်ကျလျက် မျိုးစေ့ကြဲသောသူ ဟု ဖော်ပြပါသည်။ မျက်ရည်ကျသော်လည်း အရှုံးမပေး၊ ဆောင်ရွက်စရာရှိသော မျိုးစေ့ ကြဲသောအမှုကို ဆက်လက်ပြုလုပ်သောသူသည် ရွှင်လန်းစွာ စပါးရိတ်ကြရမည်ဖြစ်ပါသည်။ ခံယဉ်းသောအမှုများကြောင့် ငိုကြွေးစရာအချိန် ရှိပါသည်။ ငိုကြွေးသောသူအများကြား၌ မိမိတို့ငိုကြွေးရသည်မှာ မထူးဆန်းပါ။ ငိုကြွေးလျက်နှင့် မျိုးစေ့ကိုကြဲပါလျှင် အောင်မြင်မှုများကို မျှော်လင့်နိုင်ပါသည်။

ယောဘ၏သားတို့သည် နှစ်စဉ်နှစ်တိုင်း အသီးသီး ဖွားသောနေ့ရောက်လျှင် မိမိတို့အိမ်၌ ပွဲခံသဖြင့် နှမသုံးယောက်ကိုလည်း ခေါ်၍ အတူစားသောက်လေ့ရှိကြ၏။ (ယောဘဝတ္ထု။ ၁း၄)

---

## ‘ ဖွားသောနေ့သို့ ရောက်လျှင် ... ’

သမ္မာကျမ်းစာ၌ မွေးနေ့(Birthday)ပြုလုပ်သောသူများတွင် ယောဘ၏သားများသည် ပထမဦးဆုံး ဖြစ်ပါလိမ့်မည်။ ကျေးဇူးတော်ကိုအမြဲချီးမွမ်းသောယောဘသည် သူ့သားများ၏မွေးနေ့သို့ရောက်လျှင် အိမ်မှာ ပွဲခံသည်ဟု ကျမ်းစာလာပါသည်။ နှမများကိုခေါ်၍ အတူတကွ ပျော်ရွှင်စွာ စားသောက်လေ့ရှိကြ၏။

ဂရိတို့၏သမိုင်းမှာမူ . . လမင်းနှင့်အမဲလိုက်ခြင်းကို အစိုးရသောနတ်ဘုရားမ အာတီမစ် (Artemis) ကို ကိုးကွယ်သူများက သူမ၏မွေးနေ့ လဆန်း(၆)ရက်ရောက်လျှင် ပျားရည်ဖြင့်ပြုလုပ် ထားသော ကိတ်မုန့်အဝိုင်းဖြင့် ပူဇော်ကြရာမှ မွေးနေ့ပွဲအစဉ်အလာ စတင်ခဲ့ပါ၏။ ထို့ကြောင့် မွေးနေ့ကိတ်မုန့်သည် လပုံသဏ္ဍာန်အဝိုင်းဖြစ်ရုံမက အလင်းပေးရန် ဖယောင်းတိုင်များ ပါဝင်လာကြပါသည်။ ဖယောင်းတိုင်သည် လူ၏အသက်သင်္ကေတဖြစ်ရာ အသက်နှင့် တစ်တိုင်ပေါင်း၍ စိုက်ပြီးမှ မီးထွန်းကြပါသည်။ မီးအလျှင်ငြိမ်းလျှင် အသက်တိုတတ်သည်ဟု ယူဆကာ မီးကို အလျှင်မှုတ်ငြိမ်းရပါသည်။ မီးကိုမှုတ်စဉ်ဆုတောင်းလျှင် ဆုတောင်းပြည့်သည်ဟုလည်း ယုံကြည်ကြပါသည်။ ခရစ်ယာန်တို့ကမူ . . မွေးနေ့ပွဲမှာ ကျေးဇူးတော်ချီးမွမ်းလျက် ရှေ့လာမည့် နေ့ရက်တွင် ဘုရားသခင် ပို့ဆောင်ဖို့ရန် ဆုတောင်းကြပါသည်။

ကျွန်တော့်ဇနီးသည်၏မွေးနေ့မှာ ဩဂုတ်လ(၃၁)ရက်နေ့တွင် ကျရောက်ပါသည်။ ထိုနေ့ရောက်လျှင် . . မိသားစုသည် အိမ်၌ အတူတကွစားသောက်သောအခွင့်ကို ပြုကြပါသည်။ အဝေးမှ သားများ၊ မြေးများကလည်း ပြန်လာကြပါသည်။ တကယ်တော့ သူတို့ဘဝခရီးကို သူတို့နှင်ကြသောအချိန်မှာ မိဘအိမ်သို့ ပြန်လာနိုင်ခြင်းမရှိပါ။ သို့သော် မိခင်၏မွေးနေ့ရောက်လျှင် တစ်ကြိမ်တော့ ပြန်လည်ဆုံဆည်းမိလေသည်။ တစ်နှစ်မှာ တစ်ခါ . . . မျက်နှာစုံညီ၍ စားသောက်ရသောအခွင့်၊ ရွှင်လန်းရသောအခွင့်၊ အတူတကွ ဝမ်းမြောက်စွာ ဝတ်ပြုကိုးကွယ်ရသောအခွင့်ကို ရလေ၏။ တစ်ခါတလေမှရသော ဝမ်းမြောက်ခြင်းဆုကျေးဇူးကို ခံစားရသောကြောင့် ဖွားသောနေ့ကိုရောက်လျှင် ဘုရားသခင်ကို ကျေးဇူးတင်ရပါသည်။

ဟက်ပီးဘက်ဒေး . . ဟု မိခင်ကို သားကပြောလျှင် ကြားနာရသောမိခင်သည် အလွန်ဝမ်းမြောက်လျက် တသက်တာလုံး ပြုစုခဲ့ရသောပင်ပန်းခြင်းကို မေ့သွားနိုင်သည်ဟု ဇနီးကပြောပြပါသည်။ စင်စစ် . . . ကျွန်တော်တို့၏မွေးနေ့ကို ပေးသောကြောင့် ‘ကျေးဇူးတင်ပါတယ် အဖဘုရားသခင်’ဟု ပြောလျှင် ဘုရားရှင်သည်လည်း မည်မျှဝမ်းမြောက်မည်ကို ဆင်ခြင်လျက် လွန်ခဲ့သောနေ့များအတွက် ကျေးဇူးတော်ကို ချီးမွမ်းကြပါစို့။